မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၆)

မာတာပိတု ဥပဋ္ဌာန် တော် မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး လိုက်ပါ၍ ဇန်နဝါရီ၁၀ရက် နံနက်ပိုင်းခြင်းရှိခွဲတွင် ကျိုင်းတုံမြို့မှ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းအတိုင်း ထွက်ခွာခဲ့ပြီး မိုင်တိုင်အမှတ် ၁၆/၃နှင့် မိုင်တိုင်အမှတ် ၁၇/၁အကြား၌ အတက်၊ အဆင်းမြင့်သည့်လမ်းကို ရှောင်ကွင်းရန် စက်ယန္တရားများဖြင့် လမ်းရှောင်လမ်းဖောက်လုပ်ခြင်းနှင့် မိုင်တိုင်အမှတ် ၁၇/၁၃ ကွန်ကရစ်လမ်းခင်းနေခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ နာကောကျေးရွာအနီးရှိ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ရောက်ရှိရာ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်း၏ မိုင်တိုင်အမှတ် ၂၇/၀ မှ ၅၄/၀အထိ ဆောက်လုပ်ရေးစီမံကိန်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်အင်ဂျင်နီယာမှူးကြီးက ရှင်းလင်းတင်ပြပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ စီမံကိန်းမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းခုတ်မြို့ ဝမ်တောင်ကျေးရွာအုပ်စု မိုင်းဘုကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အမှတ်တရ လက်ဆောင်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှခင်းသာ(၂)ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား တွေ့ဆုံကာ အမှတ်တရ လက်ဆောင်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ကတိုက်ရေလှောင်တမံနှင့် ရေထိန်းတံခါးများကျေးဇူးကြောင့် လယ်မြေများ ရေကြီးနစ်မြုပ်မှုမှကင်းဝေးပြီး မိုးစပါး၊ နွေစပါးနှင့်သီးထပ်သီးညှပ်များစိုက်ပျိုးနိုင်ပြီ

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာတွင် တည်ဆောက်ထားသော လယ်ဧက ၁၀၀၀၀ ဆည်ရေပေးနေသည့် ကတိုက်ရေလှောင်တမံ၏ ရေသိုလှောင်ထားမှုကို နောက်ခံတောင်တန်းအလှဖြင့် ပန်းရလျက် ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်း-ကျော်စိန်

ဓာတ်ပုံမှတ်တမ်း-
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု-
သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ် ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးကို ဦးတည်ချက်တစ်ရပ်ချမှတ် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာပြီး မွန်ပြည်နယ် သထုံမြို့နယ်တွင် ရေကြီးကွင်းများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးမြေဧက တိုးတက်လာစေရန်၊ လယ်မြေများကို မိုးတွင်းကာလ ရေကြီးရေနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် နွေရာသီတွင် ရေပိုမိုရရှိရေးအတွက် ရေထိန်းတံခါးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရှင်းလင်းပြသ

မြန်မာ့အလင်းသတင်းအဖွဲ့အား သထုံခရိုင်တွင် ရေကြီးရေနစ်မြုပ်ခြင်းမှ ကာကွယ်ရေးအတွက် တာဝန်ယူဆောင်ရွက်သော လက်ထောက်ညွှန်ကြားရေးမှူး (၁)ရုံးတည်ဆောက်ရေး(၆) ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(၁) ဦးညွှန့်ငွေးက အစစတာဝန်ယူပြီး သထုံခရိုင် ရေကြီးရေနစ်မြုပ်မှုကာကွယ်ရေးအတွက် ဆောင်ရွက်ထားသော လုပ်ငန်းများကို လိုက်လံရှင်းလင်းပြသသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✳

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၄ ရက်)

လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေး ရထားပို့ဆောင်ရေးကဏ္ဍ ကွန်ရက်သဖွယ် တိုးမြှင့်ဆောင်ရွက်နေ

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာဖြစ်ထွန်းစေရန် ရထားလမ်းများကို ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။

ယခုအခါ ရထားလမ်းပိုင်းများ၌ အဆင့်မီစက်ခေါင်းများဖြင့် ပြေးဆွဲနိုင်ရေး၊ လမ်းပိုင်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရန် ကွန်ကရစ်ဇလီဖား များ တိုးချဲ့ထုတ်လုပ်နိုင်ရေးတို့ကို စီမံဆောင်ရွက်လျက်ရှိပြီး စက်ခေါင်းအသစ်များနှင့် လမ်းပြုပြင်ထိန်းသိမ်းရေး စက်ယန္တရားကြီးများကိုလည်း ပြည်သူ့ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ပြည်ပမှ မှာယူတင်သွင်းခဲ့သည်။

ပြည်ပမှတင်သွင်းသော စက်ခေါင်းအသစ် ၂၀သည် ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသည်။ ကွန်ပျူတာဖြင့် စက်ခေါင်းအတွင်းရှိ အင်ဂျင်နှင့် ဂျင်နရေတာအပါအဝင် စက်မှုနှင့်လျှပ်စစ်အစိတ်အပိုင်း အသီးသီးတို့၏ အခြေအနေကို ကြည့်ရှုနိုင်သည်။ ချွတ်ယွင်းချက်ဖြစ်ပေါ်သည်နှင့် မည်သို့ပြုပြင်ဆောင်ရွက်ရမည်ကိုပါ ဖော်ပြသောစနစ်ဖြစ်သည်။

အဆိုပါ စက်ခေါင်းသစ် ၂၀မှ ၁၄ခေါင်းကို ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မန္တလေးနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများတွင် လက်ရှိ စက်ခေါင်းများနေရာ၌ အစားထိုးပြေးဆွဲသွားမည်ဖြစ်ပြီး ကျန်စက်ခေါင်းသစ်ခြောက်ခေါင်းကို မန္တလေး-လားရှိုးရထားလမ်းပိုင်းတွင် အသုံးပြုသွားရန် စီစဉ်ထားသည်။

ရထားလမ်းပိုင်းအတွက် မှာယူတင်သွင်းသော ကွန်ပျူတာစနစ်အသုံးပြုသည့် အလိုအလျောက် လမ်းညှိ၊ လမ်းပြုပြင်သည့် စက်ယန္တရား၊ ကျောက်ဖြည့်၊ ကျောက်ညှိပုံသွင်းဆောင်ရွက်သည့် စက်ယန္တရားနှင့် ဝန်ချီစက်အငယ်စားပါ သံလမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ လိုက်ပါနိုင်သည့် သံလမ်းပြေးယာဉ်တို့ကို မြန်မာ့မီးရထား၏ ရထားလမ်းသစ်များ အချိန်မီဖောက်လုပ်ပြီးစီးနိုင်ရေးနှင့် လမ်းပိုင်းအသီးသီး အဆင့်မြှင့်ပြုပြင် ထိန်းသိမ်းနိုင်ရေးအတွက် အသုံးပြုမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး ဒေသတစ်ခုမှဒေသတစ်ခုသို့ လွယ်ကူစွာသွားလာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုဖြစ်ထွန်း ခိုင်မာလာမည်ဖြစ်ရာ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဘဏ္ဍာငွေများစွာ အကုန်အကျခံ ဆောင်ရွက်ပေးမှုများကို တိုင်းရင်းသား ပြည်သူများက အလေးအနက်ထား ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တက္ကသိုလ်များ သမိုင်းအထူးပြုကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁နာရီအထိ တက္ကသိုလ်များမေ္ဘာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို ဦးဉာဏ်ဝင်း(၁၉၆၇) ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းနိုင်(၁၉၆၉) ဖုန်း-၅၅၂၃၆၅၊ ဦးနန်းအောင် (၁၉၇၀) ဖုန်း-၅၇၉၈၃၈၊ ဦးမျိုးမြင့် (၁၉၇၀) ဖုန်း-၇၂၁၅၂၂၊ ဦးဝင်းကြွယ်(၁၉၇၄)ဖုန်း-၀၉-၅၁-၆၆၁၆၄၊ ဦးအောင်ကျော်မင်း(၁၉၇၈) ဖုန်း-၀၉-၅၀-၂၀၁၆၃၊ ဒေါ်ခင်သိန်းဝင်း(၁၉၇၉) ဖုန်း-၅၁၂၂၈၆၊ ဒေါ်စိန်ကျင် (၁၉၇၉) ဖုန်း-၂၉၂၁၆၄၊ ဒေါက်တာခင်စောနွဲ့(၁၉၈၂) ဖုန်း-၅၅၆၂၁၇၊ ဒေါက်တာစန္ဒာနိုင်(၁၉၈၆) ဖုန်း-၀၉-၅၁-၂၆၄၅၂၊ ဦးမျိုးလွင် (၁၉၉၅) ဖုန်း-၀၉-၅၁-၀၃၃၅၅၊ ဦးကျော်ထွန်း (၁၉၉၅) ဖုန်း-၀၉-၅၁-၆၁၂၂၀၊ ဦးကိုကိုနိုင်(၁၉၉၅) ဖုန်း-၀၉-၅၀-၁၉၄၈၈၊ ဒေါက်တာစုစုနိုင်(၁၉၉၅) ဖုန်း-၀၉-၅၁-၉၃၀၀၂၊ ဦးလင်းမြင့် (၁၉၉၅) ဖုန်း-၀၉-၅၀-၀၃၅၀၄နှင့် ဦးမောင်ကြွယ် ဖုန်း-၆၆၆၇၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား

၁၄-၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၄၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၅။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၂)
- ၆:၄၅ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၁၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဖြေလိုက်ပါ
- ၂၂။ ICT သုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၉)

စက်သုံးဆီအခြင်အတွယ် ပြည့်ဝမှန်ကန်ရေးဆောင်ရွက် ပြည်သူနှင့် အဆင်ပြေချောမွေ့စွာဆက်ဆံ

ရန်ကုန် ဇန်နဝါရီ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇန်နဝါရီ ၉ရက်က ရန်ကုန်မြို့ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၂၄၇)သို့ရောက်ရှိပြီး ဆိုင်အတွင်း မော်တော်ယာဉ်များအား စက်သုံးဆီ ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီအခြင်အတွယ်ပြည့်ဝမှန်ကန်စေရေး၊ ပြည်သူလူထုနှင့် အဆင်ပြေချောမွေ့စွာဆက်ဆံရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် ဆိုင်အတွင်း စက်သုံးဆီသိုလှောင်ထားရှိမှုအခြေအနေနှင့် စာရင်းဇယားများ မှန်ကန်မှုရှိ မရှိကို ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထူးဂရုစိုက်ကြရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် စက်သုံးဆီ လာရောက်ဖြည့်တင်းကြသော မော်တော်ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ တင်ပြချက်များ အပေါ် ဖြည့်ဆည်းပေးသည်။ (အပေါ်ပုံ)

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(သာကေတ)၌ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် သိုလှောင်ဌာနခွဲအတွင်း ဆီတင်ယာဉ်(ဘောက်ဆာ)များအား စက်သုံးဆီဖြည့်တင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီ အလေအလွင့်မရှိစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထူးဂရုစိုက်ကြရန် မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် ဌာနခွဲ ဝန်ထမ်းများနှင့်တွေ့ဆုံကာ မသမာမှုများပပျောက်စေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းကြက်ခြေနီ သင်တန်း မိုးကောင်း၌ဖွင့်

မိုးကောင်း ဇန်နဝါရီ ၁၃

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပညာရေးမှူးရုံးနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ကျောင်းကြက်ခြေနီသင်တန်းအမှတ်စဉ်(၂/၂၀၀၈)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၁၀နာရီက နန်းခွင်ကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းဝင်း၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဖေနှင့် လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမင်းဦးတို့က အမှာစကားပြောကြားကြသည်။ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။ (၀၀၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **တရားစုဆောင်း အဖော်ကောင်း တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)**
- ၈:၀၀-၂:၀၀ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
- ၈:၃၀-၂:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈:၅၅-၂:၅၅ Activities in the City (မြန်မာနိုင်ငံအတွင်း အမျိုးသားအဆင့် အာဆီယံသီချင်းပြိုင်ပွဲ ဆုရရှိသူများနှင့် တွေ့ဆုံခြင်း)
- ၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅-၃:၂၅ Midweek Sports News
- ၉:၄၀-၃:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅-၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၀-၃:၅၀ ဖန်တီးသူ၏ပညာစွမ်းမှသည်… လှပသောဘဝများဆီသို့
- ၁၀:၁၅-၄:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀-၄:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၅-၄:၂၅ လှပသစ်ဆန်း အလှပြင်ခန်း (The Salon)
- ၁၀:၃၅-၄:၃၅ တေးဂီတအစီအစဉ်
- ၁၀:၄၀-၄:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၀-၄:၅၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
- ၁၁:၁၀-၅:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅-၅:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၀-၅:၂၀ အချစ်နယ်ငြိမ်းချမ်းရေးဆီသို့…
- ၁၁:၄၀-၅:၄၀ 11th M.G.C Junior Golf Open Championships 2008
- ၁၂:၀၀-၆:၀၀ မြန်မာ့ဂုဏ်ဒြပ် ထွန်းတောက်စေမည့် မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ပန်းချီအနုပညာပြပွဲပြိုင်ပွဲ
- ၁၂:၂၅-၆:၂၅ Myanmar Video Rhythm
- ၁၂:၅၀-၆:၅၀ တူးမြောင်းများ စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၃၅	Southend United-Chelsea	Star Sports (Live)

Barclay Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Man Utd-Wigan	ESPN(Live)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေရတနာကျောင်းဆောင်သစ်ဖွင့်ပွဲ၊ လွှဲပြောင်းပေးအပ်ပွဲ အမျိုးသားကာကွယ်ဆေးတိုက်နေ့များဖွင့်ပွဲ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၁၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အလှူရှင် ဦးရာချီ ဇနီး ဒေါ်သိန်းကြည် (စိန်ရွှေရတနာ)မိသားစုက ဆောက်လုပ်လှူဒါန်းသော ရွှေရတနာလေးခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၀ရက် နံနက်၁၁နာရီခွဲတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက် အားပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ချောင်းဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မောင်၊ အလှူရှင်ဦးရာချီနှင့် မြို့နယ်ပညာရေးမှူး ဦးအေးမြင့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ရွှေရတနာကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရွှေရတနာကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က အမှာစကား ပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ် အလှူရှင် ဦးရာချီ၏ မိသားစုဝင်တစ်ဦးက ကျောင်းဆောက်လုပ် လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင် ဦးရာချီ၏ မိသားစုဝင်တစ်ဦးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို တိုင်းပညာရေးမှူး ဦးသန်းထွန်းထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ဦးရာချီအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများအား ကျောင်းဆောင်သစ်ပေးအပ်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ကြပြီး ဒေသခံပြည်သူတစ်ဦးက အလှူရှင်မိသားစုအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ အေရိုးဗစ်အဖွဲ့နှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက **"ဇာတိမာန်"** သီချင်းကို သီဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေရတနာ နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၂၄ပေရှိပြီး စာသင်ခန်းလေးခန်း၊ စုဝေးခန်းမတစ်ခန်းနှင့် သင်ကြားမှုဆိုင်ရာ ပရိဘောဂပစ္စည်းများ အပါအဝင် စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၇၇၀ ဖြစ်ကြောင်း သိရသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မွန်းလွဲ ၂ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမသို့ ရောက်ရှိပြီး ၂၀၀၉ခုနှစ် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အမှာစကားပြောကြားပြီး တိုင်းမှူး၊ ဝန်ကြီး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးကြသည်။

တိုက်ကျွေး

စစ်ကိုင်းတိုင်းအတွင်း မြို့နယ်၃၇မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာ ဖ၁၄၈ရွာရှိ မွေးကင်းစမှ ငါးနှစ်အထိ ကလေးငယ် ၇၉၀၇၃၀အား စုရပ်နေရာ ၅၈၉၉နေရာတွင် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ၁၂ရက်အထိ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဖေဖော်ဝါရီ ၇ရက်မှ ၉ရက်အထိ ဒုတိယအကြိမ်အဖြစ်လည်းကောင်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မုံရွာမြို့ မြို့တော်ခန်းမ၌ ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားတွင် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးစဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး သဲကုန်းမြို့ ညောင်ဝင်းကျေးရွာ၌ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သဲကုန်းနှင့် သာယာဝတီမြို့နယ် ဒေသဖွံ့ဖြိုးရေး စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့ ပျားစည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ကျေးရွာသူ ကျေးရွာသားများ လှူဒါန်းသော လက်နှိပ်တုံကင်ရေတွင်းဖွင့်ပွဲကို တက်ရောက်ဖွင့်လှစ်ပေးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

အလှူငွေများပေးအပ်

ထို့နောက် ဒုတိယဝန်ကြီးသည် လောင့်ကြီးကျေးရွာဓမ္မာရုံ၌ ကျင်းပသော ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းပွဲနှင့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းကာ စာပေပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်၍ ဒေသဖွံ့ဖြိုးရေး အတွက် အလှူငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညောင်ဝင်းကျေးရွာ၌ ကျင်းပသော ပုတီးကုန်း-ညောင်ဝင်း ကျေးရွာချင်းဆက် မြေနီလမ်းဖွင့်ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံဆွေးနွေး

ယင်းနောက် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သဲကုန်းမြို့ နွယ်ကောက်ကျေးရွာအုပ်စု တဲကြီးကုန်း ကျေးရွာ၌ ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ ဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ၁၁ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့နယ် ဖိုးခေါင်ကျေးရွာအုပ်စု ဇရပ်ကြီးကျေးရွာ အခြေခံပညာမူလတန်း ကျောင်းသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျောင်းဥပစာရပ်ကောင်းမွန်ရေးအတွက် ပြုပြင်ရန် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန် အသင်း (ဗဟို)၏ (၂၉)ကြိမ်မြောက် ညီလာခံနှင့် (၁၀)ကြိမ်မြောက် FDI-MDA ပညာရေးဆိုင်ရာ ပူးတွဲအစည်းအဝေးကို ကုန်သည်ကြီးများ ဟိုတယ် ရန်ကုန်မြို့တွင် ဖေဖော်ဝါရီ ၄ရက်မှ ၇ရက် အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံတွင် သုတေသနစာတမ်းဖတ်ပွဲများ၊ ပြည်တွင်းပြည်ပ သွားနှင့်ခံတွင်းဆိုင်ရာ ပညာရှင်များ၏ ဟောပြောပို့ချပွဲများ၊ အသင်းသား သက်ကြီးဆရာဝန်ကြီးများအတွက် သက်ကြီး ပူဇော်ပွဲ၊ သွား ခံတွင်းနှင့် ဆေးဘက်ဆိုင်ရာ ကုမ္ပဏီများ၏ ဆေးအရောင်းပြခန်းများ၊ အရောင်းမြှင့်တင်ရေးများနှင့် အားကစားပြိုင်ပွဲများပါ ထည့်သွင်း ကျင်းပမည်ဖြစ်ကြောင်းနှင့် ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များ မှတ်ပုံတင်ရမည့်ရက်ကို ထပ်မံသတင်းထုတ်ပြန်ပေးမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ကျိုက္ကမီအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၁ရက်က ကျိုက္ကမီကျောင်း၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသူကျောင်းသား ရှစ်ဦးကို အသင်းပညာရေး မတည်အလှူရှင်ဒေါ်ခင်ကြွယ်(ကုဋ္ဌေကြွယ်စတိုး)က ဆုများချီးမြှင့်စဉ်။ (၁၂၈)

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပသည့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် ဒီဇင်ဘာ ၃၁ရက် အသက်(၇၉)နှစ်ပြည့်ပြီးသော အသင်းဝင် မိဘပူဇော်ပွဲ၊ ၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်များ၏ သားသမီးများနှင့် နိုင်ငံတော်က ထူးချွန်ဆုချီးမြှင့်ခံရသော ပုဂ္ဂိုလ်များအား ဆုနှင်းပွဲကို ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရွှေတိဂုံ အရှေ့ဘက်မုခ်အနီးရှိ အသင်းတည်ရာ ဒေးဒရဲဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများနှင့် ရန်ကုန်ရောက် ဒေးဒရဲမြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများ၊ မိမိအစီအစဉ်ဖြင့် သီးခြားပါဝင်လှူဒါန်းလိုသူများနှင့် အထက်ပါ အချက်အလက်ဖြင့် ပြည့်စုံသူများသည် ဦးတိုင်ရွှေ ဖုန်း-၃၉၁၂၆၅၊ ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁၊ ဒေါ်ခင်ရီ ဖုန်း-၅၂၄၂၅၅၊ ၀၉-၅၀-၁၆၃၉၆၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ၀၉-၅၁-၃၆၇၉၈၊ ဦးဇော်လွင် ဖုန်း-၅၄၀၃၈၄၊ ၀၉-၈၀-၃၁၇၄၈နှင့် ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃တို့သို့ ဇန်နဝါရီ ၂၂ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ယူကရိန်းနိုင်ငံအနောက်ပိုင်း အုဇ်ဂိုရော့ဒ်မြို့၌ ဥရောပကိုဖြတ်လျက် ရုရှားနိုင်ငံမှ ယူကရိန်းနိုင်ငံသို့ ပေးပို့သော သဘာဝဓာတ်ငွေ့ပမာဏ တိုင်းတာရေးစခန်းတစ်ခုကို ဇန်နဝါရီ ၁၂ရက်က တွေ့မြင်ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်တပ်ဖွဲ့များ၏ သူလျှိုဟု စစ်သွေးကြွများက စွပ်စွဲပစ်ခတ်မှု လူမျိုးနွယ်စုဝင် ညီအစ်ကိုနှစ်ဦး ပါကစ္စတန်၌သေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုများနေထိုင်ရာဒေသတွင် အမေရိကန်နိုင်ငံအတွက် သူလျှိုလုပ်သူများဟု စွပ်စွဲကာ ညီအစ်ကိုနှစ်ဦးအား ပါကစ္စတန်စစ်သွေးကြွများက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဇန်နဝါရီ ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

ထုတ်ပြန်

ယင်းနေ့က ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်၏မြောက်ပိုင်းရှိ အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်ဒေသ လူမျိုးနွယ်စုများနေထိုင်ရာ မီရ်အလီမြို့အနီးတွင် ကျည်ဆန်ဒဏ်ရာများဖြင့် ညီအစ်ကိုနှစ်ဦး၏ အလောင်းများကို တွေ့ရှိခဲ့ရကြောင်း ဒေသတွင်းရှိ လူမျိုးနွယ်စုဝင်များ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းကွန်ရက် နိုင်ငံတကာ(အင်န်အင်န်အိုင်) သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဖော်ပြထား

သေဆုံးသူများ၏အနီးတွင် ဒေသတွင်း ပတ်ရှ်တွန်ဘာသာစကားဖြင့် ရေးသားထားသည့် စာတစ်စောင်ကို တွေ့ရှိခဲ့ရကြောင်း၊ အသတ်ခံရသူများသည် အမေရိကန်နိုင်ငံအတွက် သူလျှိုလုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ပြီး ယင်းကဲ့သို့လုပ်ဆောင်သူများသည် ၎င်းသူလျှိုနှစ်ဦးကဲ့သို့ ကြမ္မာဆိုးနှင့် ကြုံတွေ့ရမည်ဟု သတိပေးကြောင်း ယင်းစာတွင် ဖော်ပြထားသည်ဟု ဆိုသည်။

ယခုဖြစ်ရပ်သည် ပါကစ္စတန်လူမျိုးစုများ၏ ဒေသတွင် နောက်ဆုံးဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။ စစ်သွေးကြွများဟု ယူဆရသူများသည် ပြီးခဲ့သည့်ဇန်နဝါရီ ၅ရက်က ဝါဇီရစ္စတန်မြောက်ပိုင်းဒေသတွင် သူလျှိုသုံးဦးအား သတ်ဖြတ်ခဲ့သေးသည်။ စစ်သွေးကြွများသည် အာဖဂန်နစ္စတန်နိုင်ငံမှ နယ်စပ်ကိုဖြတ်ကျော်ကာ ၎င်းတို့ပုန်းအောင်းနေထိုင်လှုပ်ရှားရာဒေသများကို တိုက်ခိုက်ထိုးစစ်ဆင်လျက်ရှိကြသည်။ အမေရိကန်တပ်ဖွဲ့များအား ကူညီသည့် သူလျှိုများဟု စွပ်စွဲကာ လူမျိုးနွယ်စုဝင်များစွာအား ပစ်ခတ်သတ်ဖြတ်လျက်ရှိသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားအလယ်ပိုင်း ပင်လယ်ပြင်၌ ကူးတို့သင်္ဘောနစ်မြုပ် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်စဉ် ၂၂ ဦးအား ကယ်ဆယ်နိုင်ခဲ့

ဂျကာတာ ဇန်နဝါရီ ၁၃

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်းဒေသ ပင်လယ်ပြင်တွင် ဇန်နဝါရီ ၁၁ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ခရီးသည် ၂၅၀နှင့် သင်္ဘောသား ၁၇ဦးလိုက်ပါလာသော ကူးတို့သင်္ဘော နစ်မြုပ်ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

လူ ၂၂ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ကြောင်း၊ ကျန်သူများကိုမူ အသက်ရှင်လျက် တွေ့ရှိရတော့မည်မဟုတ်ဟုယူဆရကြောင်း ပို့ဆောင်ရေးဌာနပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အဟန့်အတားဖြစ်

ရေတပ်နှင့် လေတပ်တို့၏ အရှိန်အဟုန်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုမှာ လှိုင်းလေပြင်းထန်မှုကြောင့် ခရီးရောက်သင့်သလောက်မရောက်ဘဲ အဟန့်အတားဖြစ်လျက်ရှိသည်။

မကြာသေးမီနှစ်များက အင်ဒိုနီးရှားတွင် ခရီးသည်တင်သင်္ဘော မတော်တဆမှုများစွာ ဖြစ်ပွားခဲ့ဖူးသည်။ ၂၀၀၅ ခုနှစ် ဇူလိုင် ၇ရက်က အင်ဒိုနီးရှား အရှေ့ပိုင်းတွင် ကူးတို့သင်္ဘောနစ်မြုပ်မှုကြောင့် လူ ၂၀၀ခန့် သေဆုံးခဲ့သည်။

နစ်မြုပ်

၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၀ရက်က ဘော်နီယိုကျွန်းနှင့် ဂျာဗားကျွန်းအကြား လူ ၆၀၀ ကျော် တင်ဆောင်လာသော ကူးတို့သင်္ဘောနစ်မြုပ်မှုကြောင့် လူ ၄၀၀ကျော် သေဆုံးခဲ့ရသည်။ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်က ပင်လယ်ပြင်တွင် ကူးတို့သင်္ဘော မီးလောင်မှုကြောင့် ခရီးသည် ၄၂ဦး သေဆုံးခဲ့သည်။ ယင်းနှစ် ဇူလိုင် ၁၁ရက်တွင် လူ ၇၀ပါ ကူးတို့သင်္ဘောနစ်မြုပ်ခဲ့သည်။

(အင်တာနက်)

အီရန်နျူစက်ရုံများ ပုံးကြဲရန် အစ္စရေးစီစဉ်မှု ကန်က ဟန့်တားခဲ့ဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၁၃

အီရန်နိုင်ငံ၏ မြေအောက်နျူကလီးယား စက်ရုံများစွာကို တိုက်ခိုက်နိုင်ရေးအတွက် မြေအောက်အထိ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်နိုင်သည့် ခေတ်မီဗုံးများကို ကူညီထောက်ပံ့ရန် လွန်ခဲ့သည့်နှစ်က အစ္စရေး၏တောင်းဆိုမှုကို အမေရိကန် သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်က ပယ်ချကာ အစ္စရေး၏အစီအစဉ်ကို ဟန့်တားခဲ့ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဇန်နဝါရီ ၁၁ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

ငြင်းပယ်

အီရန်နိုင်ငံ၏ ပိုင်နက်သို့ရောက်ရှိရန် အမေရိကန်တို့ သိမ်းပိုက်စိုးမိုးထားသည့် အီရတ်ဝေဟင်ပိုင်နက်ကို ဖြတ်သန်းသွားရန် အစ္စရေး၏ အစီအမံကောင်းကိုလည်း ဘုရှ်က ခါးခါးသီးသီး ငြင်းပယ်ကာ စီမံခန့်ခွဲမှုပြုလုပ်ခဲ့ကြောင်း အမည်မဖော်လိုသော ပင်တဂွန် အရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ ယင်းသတင်းက ဖော်ပြခဲ့သည်။

အသိပေးခြင်း

အစ္စရေးတို့သည် ယင်းသို့တောင်းဆိုခဲ့စဉ်အချိန်က အီရန်ကို တိုက်ခိုက်ရန် တိကျသောရက်စွဲကို ပြောကြားခြင်းမရှိခဲ့သည့်အပြင် တိုက်ခိုက်မှုမည်မျှ ကြာမြင့်မည်ကိုလည်း အသိပေးခဲ့ခြင်းမရှိကြောင်း ၎င်းအရာရှိများက ပြောကြားခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၏တောင်ဘက် ၁၇၄ မိုင် အကွာရှိ ဂျီယွန်ဂတ်ပ်မြို့၌ ဇန်နဝါရီ၁၂ရက်က နှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့မှုကြောင့် လမ်းမတစ်ခုပေါ်တွင်တင်ရှိနေသော နှင်းခဲများ စုပေါင်းဖယ်ရှားနေကြသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၂၂၆ဦး ရှိသွားပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၁၁ရက်တွင် ကြေညာသည်။

ကြေညာ

ဘဂ္ဂဒက်မြို့တော်အရှေ့ပိုင်း၌ ဇန်နဝါရီ ၁၀ရက်ညက အခင်းဖြစ်ပွားခြင်းဖြစ်သည်ဟုသာဖော်ပြပြီး အမေရိကန်စစ်ဘက်က အသေးစိတ်ထုတ်ပြန်ကြေညာခြင်း မပြုပေ။

ဖော်ပြ

အမေရိကန်ဦးဆောင်သည့်တပ်များ ၂၀၀၃ခုနှစ်မတ်လက အီရတ်နိုင်ငံကိုစတင်ကျူးကျော်ပြီးနောက် အီရတ်နိုင်ငံအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၂၂၆ ဦးရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ကောင်၌ ဇန်နဝါရီ ၁၂ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သော ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၁၃၉ ဦး ရှိသွားပြီ

လန်ဒန် ဇန်နဝါရီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံဟယ်လ်မန်းပြည်နယ်အတွင်း ဇန်နဝါရီ ၁၁ရက်က ကင်းလှည့်နေစဉ် ဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ဗုံးပေါက်ကွဲစဉ် အဆိုပါဒေသ၌ ဗြိတိသျှမရိန်းတပ်သားများသည် ပုံမှန်ကင်းလှည့်လာကြခြင်း ဖြစ်သည်။

၂၀၀၁ခုနှစ်နှောင်းပိုင်းတွင် တာလီဘန်စစ်သွေးကြွများအား ဖြုတ်ချရန် အမေရိကန် ဦးဆောင်သည့်တပ်များ အာဖဂန်နစ္စတန်နိုင်ငံသို့ရောက်ရှိလာပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံ၌သေဆုံးသည့်ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၁၃၉ဦးရှိသွားပြီဟု သတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

မော်တော်ကားပြပွဲ

အမေရိကန်နိုင်ငံ မစ်ချီဂန်ပြည်နယ် ဒက်ထရိုက်မြို့တွင်ကျင်းပသော အမေရိကန်နိုင်ငံမြောက်ပိုင်း မော်တော်ကားပြပွဲ၌ ပြသထားသော အော်ဒီ အာရ်-၈ အက်ဖ်အမ်ဘိုင် ကားပုံစံသစ်တစ်မျိုးကို ဇန်နဝါရီ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

14-1 (04).pmd 1 1/14/2009, 2:01 AM

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့်အထိမ်းအမှတ် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့်အတူ ဈေးရောင်းပွဲတော် ကျင်းပမည်

သတင်းဆောင်းပါး	-	မောင်ချစ်ကြည်
ဓာတ်ပုံမှတ်တမ်း	-	တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	-	တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း၏ (၁၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားအဖြစ် သစ်သီးဝလံပန်းမန်ပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲ၊ ပန်းဇကရီအလှမယ်ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်များကိုလာမည့် ဇန်နဝါရီ၃၀ရက်မှ စတင်၍ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပတော့မည်ဖြစ်သည်။

သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့်အတူ ဈေးရောင်းပွဲတော်ကိုလည်း စည်ကားစွာ ပြုလုပ်သွားမည်ဖြစ်ရာ ဈေးရောင်းပွဲတော်နှင့် ပတ်သက်၍ တာဝန်ယူကျင်းပမည့် ရွှေခြင်္သေ့ရောင်းဝယ်ရေးလီမိတက်မှ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ ဦးမျိုးညွန့်အောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းရဲ့ (၁၅)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားမှာ ပိုမိုစည်ကားသိုက်မြိုက်အောင် ပါဝင်ကျင်းပတာပါ။ နောက်ပြီး ပွဲတော်လာ ပြည်သူတွေအနေနဲ့ ပြည်တွင်းပြည်ပထုတ်ကုန်ပစ္စည်းတွေကို တစ်နေရာတည်းမှာ စုစုစည်းစည်းနဲ့ ဝယ်ယူလို့ရအောင်လည်း စီစဉ်ပေးခြင်းဖြစ်ပါတယ်”ဟု ရှင်းပြသည်။

စိတ်ချမ်းမြေ့စွာ

ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ဖွင့်လှစ်ရောင်းချ ပေးသွားမည်ဖြစ်ပြီး ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်အောင်လည်း ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

“တစ်နေရာတည်းမှာ စုစုစည်းစည်း နဲ့ ဝယ်ယူလို့ရအောင်လည်း စီစဉ်ပေးခြင်း ဖြစ်ပါတယ်။”

ဦးမျိုးညွန့်အောင်
ဒုတိယဥက္ကဋ္ဌ
(ရွှေခြင်္သေ့ ရောင်းဝယ်ရေးလီမိတက်)

“ဈေးရောင်းပွဲတော်မှာ အရောင်းပြခန်း ၁၀၀ ခန့်သတ်မှတ်ထားပြီး လူသုံးကုန်ပစ္စည်း၊ အလှကုန်၊ တိုင်းရင်းဆေး၊ မီးစက်၊ ရေစုပ်စက်၊ အီလက်ထရွန်နစ် ပစ္စည်း၊ အဝတ်အထည်၊ စားသောက်ကုန်၊ စာအုပ်အရောင်းပြခန်းနဲ့ နည်းပညာသုံးထုတ်ကုန်ပစ္စည်းပြခန်းတွေကို ခင်းကျင်းပြသွားမှာပါ။ ဒီအရောင်းပြခန်းတွေကလည်း သူတို့ခင်းကျင်းပြသတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်သူတွေလက်ထဲ တိုက်ရိုက်ပြသရောင်းချတာမို့ အထူးဈေးနှုန်းတွေနဲ့ ရောင်းချပေး သွားကြမှာပါ”ဟုလည်း ဦးမျိုးညွန့်အောင်က ဆက်လက်ရှင်းပြသည်။

ဖြည့်ဆည်းထား

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ပြုလုပ်မည့် ဈေးရောင်းပွဲတော်တွင် အရောင်းပြခန်းတစ်ခန်းလျှင် အကျယ်၁၀ပေပတ်လည်ရှိပြီး အရောင်းပြခန်းတိုင်း၌ စားပွဲတစ်လုံး၊ ထိုင်ခုံနှစ်လုံး၊ ရေသန့်ဘူးကြီးတစ်ဘူး၊ လေးပေမီးချောင်းနှစ်ချောင်း၊ မီးပလပ်တစ်ခုတို့ကို ဖြည့်ဆည်းပေးထားမည်ဖြစ်သည်။ အရောင်းပြခန်း ဖွင့်လှစ်သူများအတွက် အဆင်ပြေသကဲ့သို့ လာရောက်ဝယ်သူများအတွက်လည်း လွတ်လပ်စွာ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားခြင်းဖြစ်သည်။

ပြိုင်ပွဲများ

ထို့အပြင် ဈေးရောင်းပွဲတော်လာ ပြည်သူများအတွက် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၅)နှစ်ပြည့် အထိမ်းအမှတ်ပြပွဲ၊ ပြိုင်ပွဲ၊ ဖျော်ဖြေပွဲများနှင့် ပျော်ရွှင်စရာအားကစားပြိုင်ပွဲများကို ကြည့်ရှုနိုင်သလို ဈေးရောင်းပွဲတော်၏ မော်ဒယ်ရှိုး၊ အကအဖွဲ့များနှင့် ဖက်ရှင်ရှိုးများကို စိတ်ဝင်စားစွာ ကြည့်ရှုနိုင်မည်ဖြစ်သည်။

“ဈေးရောင်းပွဲတော်ကို လာရောက်သူတွေအတွက် မော်ဒယ်ရှိုး၊ ဖက်ရှင်ရှိုးနဲ့ အကအဖွဲ့တွေရဲ့ ဖျော်ဖြေမှုကို အခမဲ့ကြည့်ရှုအားပေးနိုင်ပါတယ်။ အဲဒီ အစီအစဉ်တွေက နေ့စဉ်မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၁နာရီခွဲနဲ့ ညနေ ၅နာရီမှ ၆နာရီခွဲတစ်ကြိမ် တစ်နေ့ကို နှစ်ကြိမ် ဖျော်ဖြေပေးသွားမှာပါ”ဟု ရွှေခြင်္သေ့ရောင်းဝယ်ရေးလီမိတက်မှ အထွေထွေမန်နေဂျာ ဒေါ်ယုယုဟန်က ပြောကြားသည်။

တိုက်ရိုက်ထိတွေ့

ဈေးရောင်းပွဲတော်တွင် အရောင်းပြခန်း ပါဝင်သူများအတွက်လည်း မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ပွဲတော်လာပြည်သူများအား တိုက်ရိုက်ထိတွေ့ ပြသရောင်းချနိုင်သဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားနိုင်မည်ဖြစ်သည်။

“ပျော်ပွဲ ရွှင်ပွဲတွေလည်း အပန်းဖြေ ကြည့်ရှုနိုင်ကြမှာ ဖြစ်ပါတယ်”

ဒေါ်ယုယုဟန်
အထွေထွေမန်နေဂျာ
(ရွှေခြင်္သေ့ ရောင်းဝယ်ရေးလီမိတက်)

ဈေးနှုန်းချိုသာ

“ပွဲတော်လာ ပြည်သူတွေအနေနဲ့ကလည်း ပစ္စည်းမှန်၊ ဈေးနှုန်းချိုသာတဲ့ ပစ္စည်းတွေကို ကုမ္ပဏီနဲ့စီးပွားရေးလုပ်ငန်းတွေက လာရောက်ရောင်းချတာမို့ စိတ်ချစွာ ဝယ်ယူနိုင်ကြသလို ပျော်ပွဲရွှင်ပွဲတွေလည်း အပန်းဖြေကြည့်ရှုနိုင်ကြမှာ ဖြစ်ပါတယ်”ဟု ဒေါ်ယုယုဟန်က ဆက်လက်ပြောကြားသည်။

စည်ကားသိုက်မြိုက်

ထို့ကြောင့် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် သစ်သီးဝလံပန်းမန်ပြိုင်ပွဲများ၊ ပန်းဇကရီမယ်ပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲ၊ ပန်းချီဓာတ်ပုံပြိုင်ပွဲများအပြင် ဈေးရောင်းပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ပါသည်။ ॥ **(မြန်မာ့အလင်း)**

❑ *ကျောဖုံးမှ*

အိမ်ရှင်အဖြစ် ရွေးချယ်ရခြင်းမှာ ဒေကျို့မြို့သည် တရုတ်နိုင်ငံတွင် ပထမဆုံး နေစွမ်းအင်အသုံးပြုသည့်မြို့ ဖြစ်ခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ဒေကျို့မြို့ကို တရုတ်နိုင်ငံ၏ **“ဆိုလာစီးတီး”**ဟုခေါ်ဆိုခြင်းလည်းဖြစ်သည်။

ဒေကျို့မြို့သည် တစ်မြို့လုံးနီးပါး နေစွမ်းအင်တစ်မျိုးတည်းကိုသာ သုံးစွဲသည့်မြို့လည်းဖြစ်ရာ **“ဒေကျို့ မြို့မှာတော့ နေစွမ်းအင်ရယူတဲ့ အိမ်အမိုး နေရောင်ခြည်ခံအပြားချပ်ရေစုစုပေါင်း တစ်သန်းခန့်ရှိပါတယ်”**ဟု ဒေကျို့မြို့တော်ဝန် ဂူချူယွမ်က ပြောကြားသည်။

အိမ်အမိုးပြား

ဒေကျို့မြို့အပိုင်အတွင်း ကျေးရွာပေါင်း ၁၀၀ကျော်ကိုလည်း နေရောင်ခြည်ခံအိမ်အမိုးပြား တပ်ဆင်ပေးတော့မည်ဖြစ်ရာ လာမည့်၂၀၁၀ပြည့်နှစ်၌ ဒေကျို့မြို့၏ လက်ရှိနေရောင်ခြည်ခံအမိုးပြားတစ်သန်းမှ အရေအတွက်အနည်းဆုံး အချပ် ၁၀၀၀ ထပ်မံတိုးတက်လာဦးမည်ဖြစ်သည်ဟုလည်း ဒေကျို့မြို့တော်ဝန် ဂူချူယွမ်က ဆက်လက်ပြောကြားသည်။

သဘာဝကုန်ကြမ်း

နေစွမ်းအင်သုံးစွဲမှုသည် ငွေကုန်သက်သာသည့်အပြင် သဘာဝကုန်ကြမ်း အလှုံပယ်ပေါကြွယ်လှသဖြင့် တရုတ်နိုင်ငံတစ်ဝန်း ပြည်သူသန်း၂၀၀ကျော်တို့က မကြာမီကာလအတွင်း နေစွမ်းအင်ပြားများအသုံးပြု၍ နေစွမ်းအင်ကို ရယူသုံးစွဲကြမည်ဖြစ်သည်။

ထိုသို့ နေစွမ်းအင်သုံးစွဲမှု များပြားလာသဖြင့် တရုတ်နိုင်ငံတစ်ဝန်းတွင် လက်ရှိနေစွမ်းအင်သုံး ဧရိယာစတုရန်းမီတာ သန်း၁၀၀မှ လာမည့် ၂၀၁၀ ပြည့်နှစ်၌ စတုရန်းမီတာ သန်း ၁၅၀အထိ တိုးတက်ကျယ်ပြန့်လာမည်ဖြစ်သည်။

လေစွမ်းအင်နှင့် နေစွမ်းအင်အသုံးပြုခြင်းသည် လျှပ်စစ်စွမ်းအင်အသုံးပြုခြင်းထက် ကုန်ကျငွေလွန်စွာသက်သာရာ လျှပ်စစ်ကီလိုဝပ် တစ်နာရီသုံးခြင်းထက် နေစွမ်းအင်တစ်နာရီသုံးခြင်းသည် ဝဒသမ၂ယွမ်သက်သာသဖြင့် အချိန်နှင့်အမျှ သုံးစွဲနေရသော စွမ်းအင်ကြောင့် ငွေကြေးများစွာ သက်သာလာမည်ဖြစ်သည်။

နေစွမ်းအင်

တောင်ကိုရီးယား၊ ဗြိတိန်နှင့် ဩစတြေးလျတို့သည် နေစွမ်းအင် အဓိက အသုံးပြုလာသော နိုင်ငံများဖြစ်ကြသည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံပေါင်း၄၀တွင်လည်း နေစွမ်းအင်များ အသုံးပြုနေကြပြီဖြစ်သည်။ **(အင်တာနက်)**

ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံရပ်ခြားသို့ သွားရောက်ပညာသင်၊ ဥစ္စာရှာကြသည့် မြန်မာအမျိုးသမီးများ ဆင်ခြင်သတိပြုသိမှတ်ဖွယ်ရာ သုံးသပ်အကြံပြုချက်များပါသော မျက်နှာဖုံးဆောင်းပါးဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၃) ထွက်ရှိလာသည်။

နယ်လှည့် ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့က လေဘေးသင့်ဒေသတိုးတက်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်မည်။ ပြည်ပသို့ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေး မြိတ်ဆိပ်ကမ်းမြို့သစ်ကြီးတည်ဆောက်၊ မြန်မာသဘော်သားအရာရှိများ ဗီယက်နမ်က ခေါ်ယူမည်၊ အာဆီယံအလှမယ်များတွေ့ဆုံပွဲအတွက် မြန်မာ့သရုပ်ဆောင်သဇင် ရွေးချယ်ခံရ၊ မြန်မာ့ကျောက်မျက်ပြပွဲ မတ်လအတွင်းကျင်းပမည်၊ တိရစ္ဆာန်ရုံတွင် ရှားပါးဘဲလက်ဖျံလေးများ ဝယ်ယူပြသထား၊ ပြင်သစ်တွင်ကျင်းပမည့် နိုင်ငံတကာ နက္ခတ်ဗေဒနှစ်အစည်းအဝေးသို့ မြန်မာပညာရှင်များတက်ရောက်မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **‘ဝင်ငွေနှင့် ထွက်ငွေ’** အကြောင်း၊ သင်ဇာဝင့်ကျော်က အပြောမခံချင်ရင် မင်းသမီးမလုပ်နဲ့တဲ့ ဖျော်ဖြေရေးကဏ္ဍစသည့် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

ထို့အပြင် တရုတ်-အမေရိကန်နှစ်နိုင်ငံ အနာဂတ်ဆက်ဆံရေးပိုမိုကောင်းမွန်ရန် မျှော်လင့်၊ မစ္စတာလီကွမ်ယုက ပိုလီတက္ကနစ်ကျောင်းသားများအား သက်မွေးမှုလုပ်ငန်းနှင့်ပတ်သက်၍အကြံပေး၊ သမ္မတသစ်ဘားရတ်အိုဘားမားက ယခင်အိမ်ဖြူတော်ဝန်ထမ်းအကြီးအကဲအား စီအိုင်အေအကြီးအကဲအဖြစ်ရွေးချယ်၊ မလေးရှားတွင် ရှေ့ပြေးစီမံချက်အရ တရားမဝင်နေထိုင်သူများကို ဒဏ်ငွေဆောင်စေကာ နေရပ်သို့ပြန်ပို့မည်၊ ဆိုမာလီတွင် ပြန်ပေးဆွဲခံရသူ ဂျာနယ်လစ်နှစ်ဦး ပြန်လွတ်လာ၊ နားမကြားမှုကိုကာကွယ်ရန်နှင့် နားပြန်လည်ကြားစေမည့်ဆေးတစ်မျိုး သိပ္ပံပညာရှင်များတီထွင်နေ၊ **‘မူးယစ်ဆေးဝါးကုန်ကူးသူများနှင့်လိုက်ပါလာသော မက္ကဆီကိုအလှဘုရင်မ ထောင်ဒဏ်ရက်၄၀ကျ’** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **‘ပြောရဦးမယ် သူတို့က ဒီလိုတဲ့’** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

လွိုင်လင်နှင့် မိုးကုတ်တွင်အအေးပေါ့၊ ဘင်္ဂလားပင်လယ်အော်၌သာယာ

ရန်ကုန် ဇန်နဝါရီ ၁၃

ဇန်နဝါရီ၁၄ရက်(ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည် ဖြစ်သည်။

ဇန်နဝါရီ၁၄ရက်**(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ဇန်နဝါရီ၁၃ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့် သာရှိခဲ့သည်။

ညအပူချိန်

ထူးခြားသည့် ညအပူချိန်မှာ လွိုင်လင်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ॥

ကိုးကား - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ဥတုရာသီ တောကိုမှီ၍

ဇန်နဝါရီ ၁၃ရက်က အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရား ဘောလုံးကွင်း၌ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိုးမြင့်နှင့် အထည်ချုပ်စက်ရုံ အမှတ် ၁၉ မှ စက်ရုံမှူးဦးဝင်းမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးဦးကျော်ဝင်းက စက်ခလုတ်နှိပ်၍ ဈေးပွဲတော်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးစဉ်။ (စက်မှု-၁)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တာချီလိတ်ခရိုင် မီးသတ်ဦးစီးဌာနနှင့် ဈေးကော်မတီတို့ ပူးပေါင်း၍ ဝမ်ကောင်းရပ်ကွက် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြပ်မတ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

14-1 (05).pmd 1 1/14/2009, 2:01 AM

ကျော်ဖုံးမှ

အလယ်၊ သတင်းဆက်သွယ်ရေး နည်းပညာများနှင့် အာကာသစူးစမ်းလေ့လာမှု အများဆုံး အသုံးချသိပ္ပံပညာရပ် နယ်ပယ် အသီးသီးတွင် ပညာရှင်သုတေသီများ၏ စူးစမ်းဖော်ထုတ်မှုများသည် နေ့စဉ်နှင့်အမျှ တိုးတက်လျက်ရှိကြောင်း၊ တိုးတက်လာသည့် သိပ္ပံနှင့် နည်းပညာရလဒ်များကို လူ့အဖွဲ့အစည်းအတွင်း စနစ်တကျအသုံးချနိုင်ရေးအတွက် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု၊ ဘဏ္ဍာငွေကြေးစနစ်၊ အာမခံလုပ်ငန်း စသည့် နယ်ပယ်အသီးသီးတွင်လည်း ပိုမိုလွယ်ကူချောမွေ့စေမည့် နည်းစနစ်များ ဖော်ထုတ်အသုံးချလျက်ရှိကြောင်း။

အကောင်အထည်ဖော်

ယခုကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ အနာဂတ်ကို ဖန်တီးနိုင်စွမ်းရှိသည့် ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် "မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်" ဆိုသည့် မြန်မာ့ပညာရေး မျှော်မှန်းချက်ကို ချမှတ်ပြီး အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိကြောင်း။

စူးစမ်းရှာဖွေ

အဆင့်မြင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သင်ကြားပို့ချမှုလုပ်ငန်းများသာမက ပညာရပ်ဆိုင်ရာ စူးစမ်းရှာဖွေမှုများ၊ အဆင့်မြင့်သုတေသနလုပ်ငန်းဆိုင်ရာ အရည်အသွေးများ တစ်ပြေးညီ မြင့်မားတိုးတက်လာရေး ကြိုးပမ်းနေကြရမည် ဖြစ်ကြောင်း။

အထူးသဖြင့် ပညာရပ်ဆိုင်ရာတိုးတက်ပြောင်းလဲမှုများက အခြားသော ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍများကို လွှမ်းခြုံရိုက်ခတ်နေသည့် ယနေ့ အချိန်ကာလ၌ ပညာရေးကဏ္ဍတွင် တာဝန်ယူနေသည့် ဆရာ ဆရာမများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပိုမိုတာဝန်ရှိကြောင်း။

နိုင်ငံတော်အေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်မှုတို့သည် ခွဲခြားမရသည့် တစ်ဆက်တည်းသော ဖြစ်စဉ်တစ်ရပ်ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ထာဝစဉ်တည်ငြိမ်အေးချမ်းပြီး အမျိုးသားရေးအာမခံချက်ရှိမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့၏ ပေါင်းစည်းသည့် စွမ်းအားများဖြင့် တစ်ခဲနက် အတည်ပြုနိုင်ခဲ့ကြပြီ ဖြစ်ကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ကျန်ရှိသည့် လုပ်ငန်းစဉ်များကို ပြီးမြောက်အောင်မြင်စွာ ဖော်ဆောင်သွားမည် ဖြစ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်၊ ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်မြင့်မားရေးတာဝန်များကို အဓိကဖော်ဆောင်နေကြသူများဖြစ်ကြောင်း၊ ဤတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် မိမိတို့တစ်ဦးချင်း၏ လေ့လာဆည်းပူးမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားနေစေရန် သင်တန်းကာလတစ်လျှောက် သင်ကြားပို့ချပေးမှုများကို အကျိုးရှိရှိ ရယူသွားကြရန်လိုအပ်ကြောင်း။

ဇန်နဝါရီ ၁၀ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းခုတ်မြို့ ဝမ်တောင်ကျေးရွာအုပ်စု မိုင်းဘုကျေးရွာ ဒေသခံပြည်သူများအား အမှတ်တရလက်ဆောင်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အထက(၂) ဒဂုံ(မြို့မ) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၂) ဒဂုံကျောင်းသား ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကိုအောင်မိုးသိန်း ဖုန်း-၀၉-၅၀-၇၀၃၄၂၊ ဒေါက်တာအောင်ကျော်လင်း-မစပယ် ဖုန်း-၂၂၄၇၄၄၊ မဆွေမျိုးမြင့် ဖုန်း-၅၇၇၄၀၉၊ မစန်းစန်းဝင်း ဖုန်း-၃၈၃၇၃၇၊ မခင်မိုးလွင် ဖုန်း-၀၉-၅၁-၅၈၃၅၂၊ မတင်ရည်ရည်ဦး ဖုန်း-၅၂၄၃၀၀၊ မသီတာ ဖုန်း-၅၈၄၄၂၉၊ မစိုးစိုးဝင်း ဖုန်း-၀၉-၅၀-၅၁၇၂၅၊ ကိုစိန်မင်း ဖုန်း-၀၉-၉၉-၇၁၇၂၂၊ မသင်းကြူမော်ဦး ဖုန်း-၂၄၅၄၅၄၊ ကိုဗညား ဖုန်း-၀၉-၈၀-၃၀၇၇၈နှင့် မအိဂျူလိုင်လှမြင့် ဖုန်း-၂၂၇၂၇၈၊ ၀၉- ၅၁-၂၄၇၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တိုးချဲ့ဖွင့်လှစ်

ပြည်နယ်နှင့် တိုင်း အားလုံးတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုဆိုလျှင် ပြည်နယ်၊ တိုင်း ၁၄ခုအား အခြေပြုသတ်မှတ်ထားသည့် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုလုံးတွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် တက္ကသိုလ်၊ ဒီဂရီကောလိပ် တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခုနှင့်ကွန်ပျူတာ တက္ကသိုလ် တစ်ခုစီ ဖြန့်ကြက်တည်ရှိနေပြီ ဖြစ်ကြောင်း။

မြှင့်တင်ဆောင်ရွက်

ထို့အပြင် နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ စိစစ်တိုင်းတာဆောင်ရွက်နိုင်ရေးအတွက် အဆင့်မြင့် သုတေသနဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်အသုံးပြုခြင်း၊ ICT အသုံးပြုပြီး သင်ကြားပို့ချပေးနိုင်ရေးအတွက် Computer Training Centre, Multimedia Lecture Room, Computer Resource Centre, Learning Centre, Language Lab များကို နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်များတွင် တပ်ဆင်ပေးထားပြီး ဖြစ်ကြောင်း၊ ပညာရပ်များ ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများ တိုးတက်ရေး၊ ပညာရပ်ဆိုင်ရာ အရည်အသွေး မြှင့်တင်ရေးတို့အတွက် သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်မှုများ၊ ပေါင်းစပ်ဘာသာရပ်များ၊ ပညာရပ်မျိုးကွဲများ တိုးမြှင့်သင်ကြားမှုများ၊ မဟာဘွဲ့မှ ပါရဂူဘွဲ့အထိ သင်တန်းများ တိုးချဲ့ဖွင့်လှစ်မှုများဖြင့် အဆင့်မြင့်ပညာကဏ္ဍမှာ မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကို အမှန်တကယ်လိုလားသည့် နိုင်ငံသားတိုင်း နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်းဖော်ဆောင်ပေးရန် တာဝန်ရှိကြောင်း။

ယှဉ်တွဲလေ့လာ

တည်ငြိမ်အေးချမ်းမှု၏ တန်ဖိုးနှင့် ဆက်စပ်၍ နိုင်ငံတော်၏သမိုင်းကြောင်းကို ယှဉ်တွဲလေ့လာကြည့်လျှင် ကိုလိုနီနယ်ချဲ့တို့အနေဖြင့် မိမိတို့ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် လွတ်လပ်ရေးကို မလွှဲမရှောင်သာ ပေးခဲ့ရသော်လည်း လွတ်လပ်ရေးနှင့်အတူ ပြည်တွင်း ငြိမ်းချမ်းရေး ပျက်ပြားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမည့် အစီအမံများကို ဆောင်ရွက်ခဲ့ကြကြောင်း။

ထို့အပြင် လွတ်လပ်ရေးကို အလျင်အမြန်ရရှိရေးအတွက် ရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်း အားနည်းချက်များရှိခဲ့၍ ပြည်ထောင်စုကြီးပြိုကွဲမည့် အခြေအနေလည်း ကြုံတွေ့ခဲ့ရပြန်ကြောင်း၊ ယင်းကဲ့သို့ ပြည်တွင်းရေး မတည်ငြိမ်မှုများကြောင့် ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်မှုမရှိခဲ့သည်ကို တွေ့မြင်ရမှာ ဖြစ်ကြောင်း။

တစ်ခဲနက်အတည်ပြု

ယခုကဲ့သို့ သမိုင်းကြောင်းကရရှိသည့် သင်ခန်းစာများအရ အနာဂတ်နိုင်ငံတော်ကြီး

လေ့လာဆည်းပူး

သင်တန်းကာလတွင် မိမိတို့နယ်မြေဒေသအလိုက်သင်ကြားပို့ချမှုနှင့်သုတေသနလုပ်ငန်းအတွေ့အကြုံများအား ဆွေးနွေးဖလှယ်ခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်တင်ရေး၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အမျိုးသားပညာရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကို အလေးအနက်သိမြင်ပြီး မိမိတို့ တစ်ဦးချင်း အရည်အသွေးများ ထက်မြက်မြင့်မားနေစေရန် အစဉ်တစိုက် ကြိုးပမ်းရေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး ပညာရေးကဏ္ဍ အမျိုးသားရေးတာဝန်များအား အောင်မြင် ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် စည်းကမ်းတကျ လေ့လာဆည်းပူးသွားရေးတို့ကို တိုက်တွန်း မှာကြားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၄၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း စက်မှုသင်တန်းကျောင်း(မန္တလေး)၌ သင်ကြားရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းကျွမ်းကျင်သူများဖြစ်အောင် ပြုစုပျိုးထောင် သင်တန်းသားများ အသိပညာတိုးပွားရေး ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဇန်နဝါရီ ၁၂ရက် မွန်းလွဲပိုင်းတွင် စက်မှုသင်တန်းကျောင်း(မန္တလေး)၌ သင်ကြားရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ အားပေး

ရှေးဦးစွာ ဝန်ကြီးသည် ပင်မဆောင်ရှိ Computer Aided Design and Numerical Control သင်တန်းနှင့် Mechanical Draughtsman သင်တန်းများ၏ သင်ကြားရေးဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ထို့နောက် သင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သင်တန်းသားများအား စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သူများဖြစ်အောင် အစဉ်ပြုစုပျိုးထောင်ရန်၊ မိမိတို့သင်ကြားရသည့် ဘာသာရပ်နှင့်ပတ်သက်၍ သင်တန်းသားများ၏ အသိပညာတိုးပွားရေးအတွက် လေ့လာသင်ယူလိုစိတ်ကို အစဉ်နှိုးဆော်ဆောင်ရွက်ပေးရန်၊ လူငယ်များကို စက်မှုနိုင်ငံတော်အတွက် မှန်ကန်ကောင်းမွန်သည့် Vision ရှိလာအောင် ပြုစုပျိုးထောင်ပေးရန်၊ သင်တန်းကျောင်း အစဉ်သစ်လွင်သန့်ရှင်းနေစေရေးအတွက် ပြုပြင်ထိန်းသိမ်းမှုများကို အမြဲမပြတ်ဆောင်ရွက်ရန်နှင့် သင်ထောက်ကူဆိုင်ရာ ငွေကြေးသုံးစွဲမှုအပိုင်း၌ ဖြုန်းတီးမှုမဖြစ်စေရန်နှင့် ထိရောက်သော သုံးစွဲမှုဖြစ်အောင် ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှု

ဆက်လက်၍ လက်တွေ့သင်ကြားရေးဆောင်များ၌ လေ့ကျင့်သင်ကြားမှု ဆောင်ရွက်လျက်ရှိသော Electrical Fitter သင်တန်းသားများနှင့် Conventional & CNC Machine Tool Operator သင်တန်းသားများ၏ လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

(၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားနှင့် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်သည်။ သို့ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူ အလှူရှင်များသည် ဦးသန်းဌေး ဥက္ကဋ္ဌ ဖုန်း-၆၆၂၂၆၄၊ ဦးမျိုးညွန့် အတွင်းရေးမှူး ဖုန်း-၆၅၀၂၅၇နှင့် ဒေါ်အေးအေး(ဦးစီးအရာရှိ) ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) ရန်ကုန် ဖုန်း-၅၇၈၁၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co., Ltdက အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour၂၀၀၈-၂၀၀၉)၏ ဒုတိယပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ရက်နံနက် ၆နာရီခွဲက မန္တလေးတိုင်း မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံအမှတ်(၁)၌နေရာယူကြပြီး အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ **(အပေါ်ပုံ)** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ Myanmar P.G.Aနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် International Beverages Trading Co., Ltd မှ Executive Director ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ဦးဆောင်ကစား

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfersပြိုင်ပွဲ၌ဇော်ဇော်လတ်နှင့် ဇော်ဇင်ဝင်း (SRIXON)တို့က သတ်မှတ်ရိုက်ချက်ထက်ငါးချက်စီလျော့ရိုက်ပြီး ၆၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင် (SRIXON)က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်၍ ၆၈ချက်ဖြင့် ဒုတိယ၊ စိုးကျော်နိုင်(SRIXON)က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး ၆၉ချက်ဖြင့် တတိယနှင့် အောင်ဆန်းဝင်း (SRIXON)ကလည်း သတ်မှတ် ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး အချက်၇၀ဖြင့် စတုတ္ထလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေဗလဝင်းမြင့်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ပြီး ၆၇ချက်ဖြင့်ဦးဆောင်ကစားလျက်ရှိသည်။

ဘိုဘိုလေးက နှစ်ချက်လျော့ရိုက်ပြီး အချက်၇၀ဖြင့် ဒုတိယလိုက်ကာ အောင်ဝင်း (သစ်တော)ကလည်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၁ချက်ဖြင့် တတိယလိုက်နေကြသည်။

တာဝန်ယူဆောင်ရွက်

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co., Ltd မှ အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များ ဖြစ်ကြသော Air Bagan Ltd., Hotel Yangon, Ruby Dragon (Jade and Gems)Co.,Ltd, KBZ Bank Ltd., MGW Construction Ltd., Alpine Purified Drinking Water, MY Associates Co., Ltd, Srixon, ကျားခေါင်းဘိလပ်မြေ, KM Golf Center,ACCEL International Co.,Ltd (Canon) နှင့် Lifeline (DHEA-Plus)တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးမောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှပြန်လည်ရောက်ရှိ

တိုက်ရိုက်လေကြောင်းပျံသန်းနိုင်ရေးနှင့် စီးပွားရေးတိုးမြှင့်ဆောင်ရွက်ရေး ရင်းနှီးစွာဆွေးနွေးခဲ့

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇန်နဝါရီ ၇ရက်မှ၁၀ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ဇန်နဝါရီ ၁၂ရက် ညနေပိုင်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

တွေ့ဆုံ

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၈ရက် ညနေပိုင်းက ကွမ်ရှီးပြည်နယ်ပါတီအတွင်းရေးမှူး Mr. Guo Sheng Kun အား Lyiuan Resort International Convention Center ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။ **(အောက်ပုံ)**

နှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၉ရက် မွန်းလွဲပိုင်းက ကွမ်ရှီးပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် Ms. Fan Xiao U အား ၎င်း၏ ရုံးခန်း၌ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် နန်နင်းမြို့ မြို့တော်ဝန် Mr. Huang Fang Fang အား ၎င်း၏ ရုံးခန်း၌ သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။

အမြင်ချင်းဖလှယ်

အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ စိုက်ပျိုးရေးနည်းပညာနှင့်ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်ရေးကိစ္စရပ်များ၊ တိုက်ရိုက်လေကြောင်း ပျံသန်းနိုင်ရေးကိစ္စရပ်များနှင့် စီးပွားရေးတိုးမြှင့် ဆောင်ရွက်ရေးကိစ္စများအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



Mobilemate Telecommunications Co., Ltd. Mobile Corner ဆိုင်သစ်ဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

GSM, CDMA, TDMA. Handsets နှင့် ဆက်စပ်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချလျက်ရှိသော Mobilemate Telecommunications Co., Ltd ၏ ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Capital Hyper Market & Sd Mobile Corner အရောင်းဆိုင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ Mobile Corner One Stop Convenience Mobile Shop တွင် ဖုန်းဈေးကွက်၌ နာမည်ကြီးအမှတ်တံဆိပ်များဖြစ်သည့် Nokia, Sony Ericsson, Motorola, LG, Apple, Samsung, HTC, Black Berry စသောအဆင့်မြင့်လူကြိုက်များသည့် GSM Handset များ၊ TDMA Handset များ၊ CDMA 800MHz Handset များ၊ Pantech & Curitel, Ubiquam အစရှိသော ကမ်းရိုးတန်းသုံး CDMA 450MHz Handsetများနှင့် Mobilemate Telecommunications က တစ်ဦးတည်း ကိုယ်စားလှယ်ယူကာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ချိသော Korea နိုင်ငံထုတ် AXESSTEL အမှတ်တံဆိပ် Fixed Wireless Phone (အထိုင်ဖုန်း) များကိုလည်း ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။

ဆိုင်သစ်စတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁၇ရက်မှ ၃၁ရက်အထိ GSM Handsetဝယ်ယူပါက၅ရာခိုင်နှုန်း၊ CDMA 450MHz Handset နှင့် AXESSTEL Fixed Wireless Phone တွဲဖက်ဝယ်ယူပါက၁၀ရာခိုင်နှုန်း၊ Nokia Original ဆက်စပ်ပစ္စည်းများ ဝယ်ယူပါက ၁၀ရာခိုင်နှုန်း၊ VIP Care Cardဝယ်ယူပါက ၁၀ရာခိုင်နှုန်းလျှော့ချ၍ ရောင်းချပေးသွားမည် ဖြစ်သည်။ ထိုကာလအတွင်း လာရောက်အားပေးကြသည့်ရှု ဝယ်ယူသူများကိုလည်း Ring Tone နှင့် Wall Paperများ လက်ဆောင်အဖြစ် အခမဲ့ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထပ်မံရရှိမည်

VIP Care Card ၏ ခံစားခွင့်များမှာ Member ပြုလုပ်ပြီး မိမိကိုင်ဆောင်သော Original Nokia Mobile Phone ကို တစ်နှစ်အတွင်း ဖြစ်ပေါ်သည့် Software & Hardware Failure များကို ဖြေရှင်းရန်အတွက် Customers Oriented Program ဖြစ်ကြောင်း၊Card Member သည် တစ်နှစ်အတွင်း Nokia Original Handset သုံးလုံးအထိ Mobile General Check Up Service & Professional Care Service ရမည့်အပြင် Nokia Original Spareparts နှင့် Replacement Service လုပ်ပေးသည့်အပေါ်၌လည်း Discount ခံစားခွင့်ရမည်ဖြစ်ကြောင်း၊ အသစ်ထွက်ပေါ်သည့် Mobile Software & Applications များကိုလည်း Update ပြုလုပ်ပေးပြီး Ringtones, Games Themes စသည့် Mobile Contents များ လစဉ်အခမဲ့ သွင်းယူနိုင်ခွင့်လည်း ထပ်မံရရှိမည် ဖြစ်ကြောင်း သိရှိရသည်။

စုံစမ်းဝယ်ယူ

Mobile Cornerဆိုင်ကို နေ့စဉ်နံနက်၁၀နာရီမှ ညနေ၈နာရီခွဲအထိ ဖွင့်လှစ်ရောင်းချပေးသွားမည် ဖြစ်ပြီး Mobile Corner ဆိုင်နှင့် ပတ်သက်၍ ဆက်သွယ်စုံစမ်းဝယ်ယူလိုပါက ရုံးချုပ် အမှတ်(၀၄-၀၃) ရွှေဟသ်ာတာဝါ ဖမိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၇၄၀၀နှင့် ၀၁-၅၀၁၀၆၂၊ လိုင်းခွဲ-၁၂၁ နှင့် Mobile Corner(One Stop Convenience Mobile Shop)အခန်း အမှတ် (၂၁၀-B) (ပ-လွှာ)၊ Capital Hyper Market ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၃၁၃၈၊ ၀၁-၅၅၃၁၃၄၊ လိုင်းခွဲ-၂၁၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုလီယိုကာကွယ်ဆေးတိုက်

ဖျာပုံ ဇန်နဝါရီ ၁၃

ပထမအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ (၂၀၀၉) ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း စီမံချက်အရ ဖျာပုံခရိုင် ဖျာပုံမြို့နယ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၆နာရီက ဖျာပုံမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဘုန်းမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထင်နှင့် တာဝန်ရှိသူများက အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး၍ **(အပေါ်ပုံ)**အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**

ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

၁၉၇၄-၁၉၇၉ ခုနှစ် ဥပဒေဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် (စနေနေ့) ညနေ ၅ နာရီက ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ **M3 Food Center**၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ကျောင်းသားဟောင်း ဦးအေးမြင့်က ကန်တော့ချိုးကို တိုင်ကြားကာ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ **(ဝဲပုံ)**ဆက်လက်၍ ဆရာကြီး ဆရာမကြီးများ၏ကိုယ်စား တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးက ဆုံးမသြဝါဒစကား ပြောကြားသည်။ (၁၃၅)

14-1 (07).pmd 1 1/14/2009, 2:01 AM

✳ *ကျော့ဖုံးမှ*

တိုးတက်အောင် ရေငန်ပုစွန်မွေးမြူထုတ်လုပ်ရေး သမဝါယမလီမိတက်သည် ကော့သောင်းမြို့ အရှေ့မြောက်ဘက် ခုနစ်မိုင်အကွာ သောင်းဖြူကျေးရွာအနီး ကွင်းအမှတ် OSS (၂၆)ပေါ်တွင် တည်ရှိသည်။

"ကော့သောင်းမြို့နေ ပြည်သူများရဲ့ ကြက်ဥစားသုံးမှုဟာ နေ့စဉ် ၃၀၀၀၀မှ ၃၅၀၀၀ခန့် ရှိပါတယ်"

ဦးတိုးဝင်းသိန်း(မန်နေဂျာ)
တိုးတက်အောင်ရေငန်ပုစွန်နှင့်
ကြက်ဥမွေးမြူထုတ်လုပ်ရေး
သမဝါယမအသင်း လီမိတက်
ကော့သောင်းမြို့

မွေးမြူရေးခြံ

သတင်းအဖွဲ့သည် အဆိုပါ မွေးမြူရေးခြံသို့ ဦးတည်ထွက်ခွာလာရာ လမ်းတစ်လျှောက်တွင် ရော်ဘာစိုက်ခင်းများ၊ ဆီအုန်းစိုက်ခင်းများ၊ ကွမ်းသီးခြံများနှင့် သီဟိုဠ်ခြံများ တွေ့ရသည်။ မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်လိုက်သည် ဆိုလျှင်ပင် ပုစွန်မွေးမြူရေးကန်များနှင့် ဥစားကြက်ခြံများကို တွေ့ရသည်။

သတင်းအဖွဲ့အားလိုက်လံရှင်းပြရန် တိုးတက်အောင် ပုစွန်မွေးမြူထုတ်လုပ်ရေး မန်နေဂျာ ဦးတိုးဝင်းသိန်းက ခန်းမဆောင်၌ အသင့်ရောက်ရှိနေသည်။



ကြီးထွားနှုန်းမြန်ဆန်သော Peneaus ရေငန်ပုစွန် တစ်လခွဲသားအရွယ်ကို လက်ဝါးပေါ်တင်၍ ဘောလ်ပင်နှင့် နှိုင်းယှဉ်ပြသနေပုံ။ (မြန်မာ့အလင်း)

အများဆုံးမွေးမြူ

"ကျွန်တော်တို့ ရေငန်ပုစွန်မွေးမြူထုတ်လုပ်ရေး သမဝါယမလီမိတက် အနေဖြင့် ၁၉၉၄ခုနှစ်ကစပြီး ရေငန်ပုစွန်မွေးမြူရေးကို လုပ်ကိုင်ခဲ့ပါတယ်၊ ၂၀၀၆-၂၀၀၇ခုနှစ်မှာ ပုစွန်အများဆုံး စံချိန်အဖြစ် ၉၅တန် အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်းရေငန်ပုစွန်မွေးမြူရေးကို အရှိန်အဟုန်မပျက် လုပ်ကိုင်လျက်ရှိပါတယ်။ လောလောဆယ် ၁ဒသမ၂ဧက အရွယ်ရှိ ပုစွန်ကန်ခြောက်ကန်နှင့် နှစ်ဧက အရွယ်ရှိ ကန်ကိုးကန် စုစုပေါင်း ၁၅ကန်ရှိပါတယ်။ မွေးမြူတဲ့ ရေငန်ပုစွန် အမျိုးအစားကတော့ Peneaus ဆိုတဲ့ ပုစွန်အမျိုးအစားဖြစ်ပါတယ်။ ဒီမျိုးက ရှင်သန်ပေါက်ဖွားနှုန်း သိပ်ကောင်းပါတယ်။ တိုက်ဂါး(Tiger) မျိုးက အကောင်၁၀၀မွေးရင် ၅၀ လောက်ပဲ ရှင်တယ်ဆိုရင် Peneaus မျိုးက အကောင် ၈၀လောက် ရှင်ပါတယ်။ ဒါကြောင့် ဒီဒေသမှာ ရေငန်ပုစွန် မွေးမြူသူတွေအနေနဲ့ Peneaus မျိုးကို အများဆုံးမွေးမြူလေ့ရှိပါတယ်။ ပြီးတော့ ဒီမျိုးက သုံးလခွဲလောက်နဲ့ ဈေးကွက်တင် ရောင်းနိုင်ပါတယ်၊ တိုက်ဂါးက လေးလကျော်ကြာမှ ရောင်းလို့ ရပါတယ်"ဟု ဦးတိုးဝင်းသိန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဖြန့်ဖြူးရောင်းချ

"ဒါ့အပြင် ကျွန်တော်တို့ကုမ္ပဏီ အနေဖြင့် ကော့သောင်းမြို့နေ ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ဖို့ ဥစားကြက်မွေးမြူရေးကို ၂၀၀၃ ခုနှစ်က စပြီး လုပ်ကိုင်ခဲ့ပါတယ်။ တစ်ချိန်က ကြက်ဥကို တစ်ဖက်နိုင်ငံက မှာယူ စားသုံးကြရပါတယ်။

ရေငန်ပုစွန်များ မွေးမြူထားပုံကို ပြသနေစဉ်။ (မြန်မာ့အလင်း)

ကော့သောင်းမြို့နေ ပြည်သူများရဲ့ ကြက်ဥစားသုံးမှုမှာ နေ့စဉ် အလုံးပေါင်း ၃၀၀၀၀မှ ၃၅၀၀၀ခန့် ရှိပါတယ်။ ယခု ကျွန်တော်တို့ ကုမ္ပဏီက နေ့စဉ် ကော့သောင်း ဈေးကွက်သို့ ကြက်ဥ အလုံး ၂၄၀၀၀ ဖြန့်ဖြူးရောင်းချပေးနိုင်ပြီဖြစ်ပါတယ်" ဟု ဦးတိုးဝင်းသိန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ကျွန်တော်တို့ အခု ဥစားကြက် အကောင် သုံးသောင်း မွေးမြူထားပါတယ်။ အကောင်၄၀၀၀ဆံ့ ခြံလေးခြံ၊ အကောင် ၆၀၀၀ဆံ့ ခြံသုံးခြံ မွေးမြူထားပါတယ်။ ကြက်များမှာ မီးကိုင်ပြီး ၁၆ပတ်အကြာမှာ စ,ဥပါတယ်။ ၂၅၊ ၂၆၊ ၂၇ ပတ်များမှာ အများဆုံးဥပြီး ၄၂ပတ်အကြာမှာ ဥ,ဥနှုန်း ပြန်ကျသွားလေ့ရှိပါတယ်"ဟု ၎င်းက ရှင်းပြသည်။

စနစ်တကျထုပ်ပိုး

သတင်းအဖွဲ့သည် ပုစွန်ကန်များနှင့် ကြက်ခြံများသို့ ဝင်ရောက်လေ့လာခဲ့သည်။ ကြက်ခြံများတွင် ကြက်ဥများကို အလုံး အကြီးအသေး ညီစေရန် ဥချိန်စက်ဖြင့် ချိန်တွယ်နေသည်ကိုလည်း ဗဟုသုတဖြစ်ဖွယ် လေ့လာခဲ့ရပါသေးသည်။ ကြက်ဥများကို အလုပ်သမားများက စနစ်တကျ ထုပ်ပိုးပြီး ဈေးကွက်များသို့ တင်ပို့နိုင်ရန် ပြင်ဆင်လုပ်ကိုင်မှုများ ပြုလုပ်ပေးကြသည်။

ဖူလုံလာ

သို့ဖြစ်ရာ တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရာတွင် စိုက်ပျိုးရေးသာမက သားငါးကဏ္ဍကိုပါတိုးမြှင့်လုပ်ကိုင်ခြင်းဖြင့် ဒေသတွင်း စားသုံးမှု ဖူလုံလာမည့်အပြင် ပြည်ပသို့ တင်ပို့ရောင်းချ၍ နိုင်ငံခြားငွေ တိုးမြှင့်ရှာဖွေနိုင်မည် ဖြစ်ပါကြောင်း သတင်းခရီးအဖြစ်ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကြက်ဥလုံး အကြီး၊ အသေး အရွယ်အစားကို ဤသို့ စက်ဖြင့်ရွေးချယ်ရသည်။ (မြန်မာ့အလင်း)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ အထူးအလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၀၈ခုနှစ် ဒီဇင်ဘာ၁၂ရက် အများပြည်သူဈေးပိတ်ရက်၌ မြို့မဈေးကြီးအတွင်း၊ အပြင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို အဖွဲ့ရုံးဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအိမ်လှသောင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ဝါဏိဇ္ဇဘွဲ့ရများအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် လမ်း ၅၀ (အောက်လမ်း) အမှတ်၃၇/၄၁ အသင်းတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် B.Com., B.Act., B.B.A ဘွဲ့ရများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၁၃

ဆေးတက္ကသိုလ်(၂) အာစရိယပူဇော်ပွဲရက်ရွှေ့

ဆေးတက္ကသိုလ်(၂)ရန်ကုန် ၁၉၇၆-၁၉၈၂၊ ၁၉၇၉-၁၉၈၄၊ ၁၉၈၀-၁၉၈၅ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဆရာဝန်အသင်းခန်းမဆောင်၌ ဇန်နဝါရီ၃၁ရက်အစား ဖေဖော်ဝါရီ၁ရက် ညနေ ၃နာရီသို့ ပြောင်းရွှေ့ရက်သတ်မှတ်ကြောင်းနှင့် အသေးစိတ်ကို ဖုန်း-၀၉-၅၁-၃၇၆၉၂သို့ စုံစမ်းနိုင်သည်။

အခြေခံစိုက်ပျိုးနည်း ရက်တိုသင်တန်းဖွင့်မည်

အခြေခံစိုက်ပျိုးနည်း ရက်တိုသင်တန်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေပဒေသာ ပညာပေးဇုန်တွင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီအတွင်း ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ရာ စိတ်ဝင်စားသူများ မန်နေဂျာရုံး မြေပဒေသာဥယျာဉ် ဖုန်း-၅၄၉၇၃၀သို့ဆက်သွယ်နိုင်ကြသည်။

ဂျပန်ရုပ်ရှင်ပွဲတော် ရန်ကုန်နှင့် မန္တလေး၌ပြုလုပ်မည်

ဂျပန်နိုင်ငံအခြေစိုက် ဖောင်ဒေးရှင်းတစ်ခု၏ ပံ့ပိုးမှုဖြင့် ဂျပန်ရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးကစီစဉ်ပြီး ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၁ရက်အထိလည်းကောင်း၊ မန္တလေးမြို့ ဝင်းလိုက်ရုပ်ရှင်ရုံ၌ ဖေဖော်ဝါရီ ၂၃ရက် မှ ၂၆ရက်အထိလည်းကောင်း ပြသပေးမည်ဖြစ်သည်။

မြန်မာဝတ်စုံဖြင့်သာကြည့်ခွင့်ရမည့် မြန်မာ့ရိုးရာကပွဲ

မြန်မာ့ယဉ်ကျေးမှုအနုပညာဖြင့် ကပြဖျော်ဖြေမည့် မြန်မာ့ရိုးရာကပွဲသဘင်ကို ရန်ကုန်မြို့ ပြည်လမ်းရှိ Alliance Francaise ၌ ဇန်နဝါရီ ၃၁ရက် ညနေ၌ ကျင်းပမည်ဖြစ်ရာ ထူးခြားမှုအဖြစ် ပြည်တွင်းပရိသတ်များသာမက ပွဲလာရောက်သူ ပြည်ပဧည့်သည်များပါ မြန်မာ့ရိုးရာဝတ်စုံဖြင့်သာ တက်ရောက်ကြည့်ရှုရမည်ဖြစ်သည်။

ပင်လယ်ကူးသင်္ဘောသားများအသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း၏ ဆဋ္ဌမအကြိမ်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဇန်နဝါရီ ၂၄ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၃၉၂၀၇၆ သို့ ဆက်သွယ်နိုင်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်ဟောပြောပွဲ

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော ကုမ္ပဏီဥပဒေခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် အမှတ် (၂) စည်ပင်လမ်းသစ် (ရန်ကင်းစင်တာအနောက်) ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခြေခံကွန်ပျူတာသင်တန်းဖွင့်မည်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် International Channel (i-Channel)တို့ ပူးပေါင်းစီစဉ်မှုဖြင့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၀၉)ကို ဇန်နဝါရီ ၂၄ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကာလ သုံးလဖြစ်ပြီး ဖုန်း-၂၅၂၅၇၉ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အယ်လ်ပိုင်းဂီတခရီး ၂၀၀၉ အသိပေးရှင်းလင်း

လွယ်ဟိန်းကုမ္ပဏီနှင့် အိုင်းရင်းခရော့စ် အနုပညာထုတ်လုပ်ရေးတို့ စီစဉ်တင်ဆက်မည့် အယ်လ်ပိုင်းဂီတခရီး ၂၀၀၉နှင့်ပတ်သက်ပြီး အစီအစဉ် အသိပေးရှင်းလင်းပွဲကို ဇန်နဝါရီ ၁၂ရက် ညနေ ၆နာရီခွဲက ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပခဲ့ပြီး ထိုအစီအစဉ်မှ မြန်မာပြည်တစ်ဝန်း မြို့ကြီးများတွင်ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

တစ်ခါသုံးဖုန်းကတ် နည်းပညာဆိုင်ရာမေးမြန်းနိုင်

မြန်မာ့ဆက်သွယ်ရေးမှ စီစဉ်ရောင်းချပေးလျက်ရှိသည့် တစ်ခါသုံးဖုန်းကတ်များ အသုံးပြုရာတွင် နည်းပညာအခက်အခဲနှင့်ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေး ဖုန်း-၀၁-၅၄၆၄၅၂သို့စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

စာပေပြိုင်ပွဲနှင့် စာပေဟောပြောပွဲကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်တွင် စာပေပြိုင်ပွဲနှင့် စာပေဟောပြောပွဲကျင်းပရာ ပထမနေ့အဖြစ် ဒီဇင်ဘာ ၂၀ရက်က ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် ဆုရွေးချယ်ပွဲ၊ ဒုတိယနေ့ ဒီဇင်ဘာ ၂၆ရက်တွင် ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲ၊ နောက်ဆုံးနေ့ ဒီဇင်ဘာ ၂၇ရက်၌ ဆုပေးပွဲနှင့် စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာကြီး ဆရာမကြီးများဖြစ်ကြသော နန္ဒာသိန်းဇံ၊ ဒေါက်တာမတင်ဝင်းနှင့် မောင်စိန်ဝင်း (ပုတီးကုန်း) တို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

* ရှေ့ဖုံးမှ

လက်ထောက်ညွှန်ကြားရေးမှူး(၁) ရုံး တည်ဆောက်ရေး(၆)ဆည်မြောင်း ဦးစီးဌာန သထုံမြို့မှ လက်ထောက် ညွှန်ကြားရေးမှူး(၁) ဦးညွှန့်ငွေးက

“နောင်ကုလားနှင့် ဘိုင်လောင်းရေထိန်းတံခါးများ တည်ဆောက်ပြီးသွားရင် သထုံခရိုင်အားလုံးနီးပါး ပင်လယ်ဆားငန်ရေ မဝင်နိုင်တော့ပါဘူး”
ဦးညွှန့်ငွေး(လက်ထောက်ညွှန်ကြားရေးမှူး-၁)
တည်ဆောက်ရေး(၆)

ဧကနှစ်သောင်းခန့် ရေမကြီးတော့ဘဲ အကျိုးရှိကြောင်း၊ ရင်းငြိမ်ရေတံခါးသို့ ကတိုက်ရေလှောင်တမံမှ ရေချပေးပြီး ရေတံခါးကိုပိတ်၍ နွေစပါးဧက ၃၂၀၀ ကို စိုက်ပျိုးရန် ရည်ရွယ်ထားကြောင်း၊ ကတိုက်ရေလှောင် ဇီကွက္ကရဲရေတံခါး၊ ကျုံထော်ရေတံခါး အားလုံးငါးခုရှိကြောင်း၊ ထပ်ဆောက်မည့်ရေတံခါးမှာ နောင်ကုလားနှင့် ဘိုင်လောင်းရေတံခါးတို့ ဖြစ်ကြောင်း၊ ရေတံခါးနှစ်ခုကို ထပ်ဆောက်ပြီးလျှင် နောင်ကုလားမှ ဧကတစ်သောင်းခွဲ၊ ဘိုင်လောင်းမှ တစ်သောင်းခွဲ ထပ်ဖြစ်လာမည်ဖြစ်၍ လယ်ဧကသုံးသောင်းလောက် ရေကြီးမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ချောင်းတွေအားလုံးမှ ရေများသည် တောင်များပေါ်မှ ဆင်းမလာကြောင်း၊ ကတိုက်ရေလှောင်တမံသည် တောင်ပေါ်တွင်ရှိ၍ ရင်းငြိမ်ရေတံခါးသည် အပေါ်တွင် ကတိုက်ရေတံခါးရှိသည်။ ရေပေးမြောင်းစနစ် မပြီးခင်မှာပင် ရေလှောင်တမံမှ ရေကိုထည့်ပြီး နွေစပါးဧက ၃၂၀၀ကို စိုက်ပျိုးနိုင်ကြောင်း၊ ပဲခူးရိုးမတွင် ပဲခူးရိုးမအရှေ့ခြမ်း အစုအဖွဲ့၊ ပဲခူးရိုးမ အနောက်ခြမ်းဆည်အစုအဖွဲ့၊ ပဲခူးရိုးမအရှေ့ခြမ်းတွင် ဇလက်ထော်မှစ၍ ပျဉ်ပုံကြီး၊ မတည်ဆောက်နိုင်သေးသော ကာလတွင် ရေငန်ရေဝင်ရောက်၍ လယ်များပျက်စီးခဲ့ရကြောင်း၊ တည်ဆောက်ပြီးခဲ့သည်မှာ နှစ်နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ရင်းငြိမ်ရေတံခါးမှ ရေနှင့် ရင်းငြိမ်ချောင်းအတွင်းသို့ ကတိုက်ရေလှောင်တမံမှ ပို့လွှတ်သောရေဖြင့် ပေါင်းစည်း၍ ယခင်နှစ်က နွေစပါးဧက ၁၀၀၀ ရေပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် နွေစပါးဧက ၃၂၀၀ ခန့်ကို ရေပေးနိုင်ရန် လျာထားကြောင်း” ဖြင့် ရှင်းပြသည်။

“ယခုနှစ်မှာ နွေစပါးဧက ၃၂၀၀ကို ရေပေးဝေနိုင်ဖို့ လျာထားပါတယ်”
ဦးဝင်းမြင့်(ဦးစီးအရာရှိ)
တည်ဆောက်ရေး(၆)

ဖုံးလွှမ်း

၄င်းနောက် ကတိုက်ရေလှောင်တမံ တာဝန်ယူတည်ဆောက်ခဲ့သော ဦးစီးအရာရှိ ဦးခင်ဇော်အား တွေ့ဆုံမေးမြန်းသည်။ ဦးခင်ဇော်က ရှင်းလင်းပြောကြားရာတွင် “ကတိုက်ရေလှောင်တမံသည် မွန်ပြည်နယ်တွင် တောင်တန်းများပေါများသော ဒေသဖြစ်ပြီး မိုးအများဆုံးဒေသလည်း ဖြစ်သောကြောင့် မိုးအခါတွင် ရေများစီးဆင်းလာပြီး အောက်တွင်ရှိ လယ်များဖုံးလွှမ်းခဲ့ကြောင်း၊ ရေများတားဆီးနိုင်ရန် ရေတံခါးများတည်ဆောက်ခဲ့ရကြောင်း၊ မိုးတွင်း၌ကျလာမည့်ရေကို တောင်ပေါ်က ရေလှောင်တမံနှင့် ထိန်းနိုင်ပြီး နွေရာသီတွင် လိုအပ်သော နွေစပါးနှင့် သီးထပ်သီးညှပ်များအတွက် ရေပေးနိုင်မည်သာဖြစ်ကြောင်း၊ ကတိုက်ရေလှောင်တမံမှရေများကို အောက်

တွင်ရှိသော ရင်းငြိမ်ရေထိန်းတံခါးဖြင့် ထိန်းထားနိုင်ခြင်းကြောင့် စိုက်ပျိုးရေး အဆင်ပြေကြောင်း၊ တောင်ပေါ်တွင် ရေလှောင်တမံများထားပြီး အောက်မှ ရေထိန်းတံခါးများဖြင့် ထိန်းထားခြင်းအားဖြင့် မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း” ရှင်းပြသည်။

မြန်မာ့အလင်းသတင်းအဖွဲ့အား တည်ဆောက်ရေး(၆)သထုံမြို့ လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦးညွှန့်ငွေး၊ ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် အဖွဲ့သည် ရေထိန်းတံခါးများရှိရာ နေရာများကို လိုက်လံပြသကြသည်။ ဒီဇင်ဘာ ၁၀ ရက်တွင် ကျုံထော်ရေထိန်းတံခါး တည်ရှိရာ ပေါင်မြို့နယ် ကျုံထော်ရေတံခါးသို့ နံနက်ပိုင်းတွင် သွားရောက်ကြသည်။ကျုံထော်ရေတံခါးသို့ မော်တော်ကားနှင့် တစ်သွယ်စက်လှေဖြင့်တစ်ဖုံ ဆက်သွားခဲ့ကြရသည်။

စံပြလယ်

လမ်းတွင် ဖြူဘကျေးရွာ စံပြလယ်စိုက်ကွင်းသို့ ဝင်ရောက်လေ့လာကြသည်။ စံပြစိုက်ကွင်းတွင် အသက် ၇၀ ရှိပြီဖြစ်သော လယ်သမားကြီး ဦးမောင်စီ၊ဦးအေးငွေနှင့်တွေ့၍မေးမြန်းရာ၌ “၁၀ဧကစိုက်ကြောင်း၊ သီးထပ်ယဉ်စပါးစိုက်ကြောင်း၊ စပါးတစ်ဧကတင်း ၈၀ လွန်ခဲ့သောနှစ်က ထွက်ကြောင်း၊ ယခုနှစ်တွင် တစ်ဧက တင်း

ကတိုက်ရေလှောင်တမံမှာ ရေလှောင်ပမာဏ ၂၈၀၉၈ ဧက သိုလှောင်နိုင်ပြီး ရင်းငြိမ်ရေတံခါးသို့ ရေပေးလျက်ရှိ။

မရမ်းကုန်းရေထိန်းတံခါး(၆ပေ×၁၂ပေ)
ရေတံခါး ၁၅ပေါက်၊
ဆိပ်ကျွန်းရေထိန်းတံခါး(၆ပေ×၁၂ပေ)
ရေတံခါး ၁၅ပေါက်၊
ဇီကွက္ကရဲရေထိန်းတံခါး(၆ပေ×၁၂ပေ)
ရေတံခါး ၂၁ပေါက်၊
ကျုံထော်ရေထိန်းတံခါး(၆ပေ×၁၂ပေ)
ရေတံခါး၂၇ပေါက်
ရင်းငြိမ်ရေထိန်းတံခါး(၆ပေ×၁၆ပေ)
ရေတံခါးပေါက် ၄၀။

“မိုးရေများကို ရင်းငြိမ်ရေတံခါးဖြင့် ရင်းငြိမ်ချောင်းအတွင်း ထိန်းသိမ်းသိုလှောင်ထားသည်ကို ဤသို့တွေ့ရသည်”
(မြန်မာ့အလင်း)

ပင်လယ်ဆားငန်ရေနှင့် နန်းများ ရင်းငြိမ်ရေတံခါးကြောင့် ရင်းငြိမ်ချောင်းအတွင်း မဝင်နိုင်တော့ဘဲ ဤသို့ နန်းပြင်ကြီး ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ (မြန်မာ့အလင်း)

“တည်ဆောက်ရေး(၆)မှ တာဝန်ယူ၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိရေလှောင်တမံနှင့်ရေတံခါးများကို အများဆုံးတာဝန်ယူ တည်ဆောက်ပေးခဲ့ကြောင်း၊လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံးကို ၁၈-၃-၂၀၀၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ငါးနှစ်ခွဲကာလအတွင်း သထုံခရိုင်အတွင်းရှိ ဇီကွက္ကရဲရေထိန်းတံခါး၊ ကျုံထော်ရေထိန်းတံခါးနှင့် ရင်းငြိမ်ရေထိန်းတံခါးတို့ကို တည်ဆောက်ပေးခဲ့ကြောင်း၊ ကတိုက် ရေလှောင်တမံစီမံကိန်းဆည်ရေသောက်စနစ် တည်ဆောက်ပေးခဲ့ပြီး ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေဘုတ်ရေလှောင်တမံတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း။

ရေတံခါးအစုအဖွဲ့

ရင်းငြိမ်ရေတံခါးကို တည်ဆောက်ခြင်းအားဖြင့် ရေနစ်မြုပ်ခဲ့သော လယ် တမံမှ ရေပေးမြောင်းများ တည်ဆောက်မပြီးမီ တိုက်ရိုက်ချပေးမှာ ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ဆိပ်ကျွန်းရေတံခါးအတွက် ဇီကွက္ကရဲရေတံခါး၏ အောက်မှာ နောင်ကုလားရေထိန်းတံခါးတည်ဆောက်မည်ဖြစ်ကြောင်း၊ အထူးစီမံကိန်းအဖွဲ့မှ ခွင့်ပြုပြီးဖြစ်ကြောင်း၊ ရင်းငြိမ်၏အောက်တွင် ဘိုင်လောင်းချောင်းရှိကြောင်း၊ဆောင်ရွက်ချက်အရ ရေတံခါးအစုအဖွဲ့ဖြစ်ပြီး ဘိုင်လောင်းချောင်းမှာ ပေါင်မြို့နယ် အတွင်း၌ရှိကြောင်း၊ ရေတံခါးဆောက်ရန် စူးစမ်းလေ့လာလျက်ရှိကြောင်း၊နောင်ကုလားတည်ဆောက်ပြီးသွားလျှင် သထုံမြို့နယ်အတွင်း ရေတံခါးအစုအဖွဲ့ ပြည့်စုံသွားမည်ဖြစ်ကြောင်း၊ ဘိုင်လောင်းရေတံခါးကို တည်ဆောက်မည်ဆိုပါက သထုံခရိုင်အတွင်း ရေတံခါးအစုအဖွဲ့ကြီးတစ်ခုဖြစ်သွားမည်ဖြစ်ကြောင်း။

သထုံခရိုင်နယ်တွင် မရမ်းကုန်းရေတံခါး၊ ဆိပ်ကျွန်းရေတံခါး၊ ဘောနီ၊ ကောလိရ၊ ဘိုင်းဒါး၊ ရဲနွယ်၊ ဖြူးဆည် အစုအဖွဲ့နှင့် အနောက်ဘက်တွင် တောင်ညို၊ ကွန်ချောင်းဆည်အစုအဖွဲ့ရှိကြောင်း၊ ယခု လုပ်ခြင်းကြောင့် ရေတံခါးအစုအဖွဲ့များဖြင့် တစ်စပ်တစ်ဆက်တည်း ဖြစ်လာကြောင်း၊ ရိုးမပေါ်တွင် ရေဝပ်ဧရိယာများရှိနေကြောင်း၊ ရေတံခါးအားလုံးပြီးလျှင် သထုံခရိုင်အားလုံးနီးပါး ရေနုတ်ပြီး ပင်လယ်ဆားငန်ရေ ဝင်နိုင်တော့မည်မဟုတ်ကြောင်း တောင်ပေါ်တွင် ရေလှောင်တမံရှိ၍ ရေထပ်ဖြည့်၍ ရနိုင်ကြောင်း” ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

လယ်များပျက်စီး

ဆက်လက်၍ ဦးစီးအရာရှိ ဦးဝင်းမြင့်အား တွေ့ဆုံမေးမြန်းရာ “ရင်းငြိမ်ရေထိန်းကို ၂၀၀၄-၂၀၀၅တွင် စတင်တည်ခဲ့၍ ၂၇-၂-၂၀၀၆ ရက်တွင် တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ရင်းငြိမ်ရေထိန်းတံခါး

“ရေငန်ဝင်ပြီး လယ်ပျက်တဲ့ဒုက္ခက ကင်းဝေးသွားလို့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်ရှင်”
မမြစန်း(လယ်သူမကြီး)
ကျုံထော်ကျေးရွာ

၁၀၀ ထွက်မည်ဟု ခန့်မှန်းထားကြောင်း၊ ရေတံခါးတည်ဆောက်ပြီးနောက် စိုက်ပျိုးမှုကောင်းကြောင်း၊ ရေတံခါးမဆောက်မီက ရေငန်ဝင်ပြီး လယ်များမြုပ်သောကြောင့် ပျက်စီးခဲ့ကြောင်း၊ ရေတံခါးဆောက်ပြီးနောက်ပိုင်း ပျက်စီးမှုမရှိတော့ကြောင်း၊ ဒီလိုလယ်မပျက်ရအောင် ဆောင်ရွက်ပေးတာကို နှစ်ပေါင်းများစွာက စောင့်မျှော်နေရကြောင်း၊ ယခု အသက် ၇၀ မှ လိုအပ်ချက်ပြည့်ရကြောင်း၊ အသက် ၇၀ မှ စပါးစိုက်ပျိုးရတာ အောင်မြင်တာကြောင့် အသက်ပြန်ငယ်လိုက်လိုကြောင်း” ဖြင့် ပြောသည်။

“ကျွန်တော်တို့က ရေကိုပဲမျှော်နေတာပါ။ မနှစ်က စိုက်ပျိုးခဲ့တာ အောင်မြင်ခဲ့ပါတယ်။ ဒီနှစ်တော့ ပိုပြီးအောင်မှာပေါ့။ ကတိုက်ကရေကိုစောင့်မျှော်နေကြပါတယ်။ ရေကိုစောင့်ရင်းနဲ့ စပါးစိုက်ရန် လုပ်နေကြပါတယ်။ သွားလာရေးလွယ်ကူအောင် ချောင်းကို ပြုပြင်ပေးတာကြောင့် စိုက်ပျိုးရေးရော၊ ရောင်းဝယ်ရေးရော အဆင်ပြေနေတာပါ။ ဒီလိုလုပ်ပေးတဲ့ နိုင်ငံတော်အစိုးရကို ကျေးဇူးအများကြီးတင်ကြောင်း၊ ဘုန်းကြီးလို့ အသက်ရှည်ပါစေလို့လည်း ဆုတောင်းပါကြောင်း” ဖြင့် ပြောပြသည်။

သတင်းအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်တွင် ကျုံထော်ရေထိန်းတံခါးသို့ သွားရောက်ကြသည်။ ကျုံထော်ရေထိန်းတံခါးမှာ ကျုံထော်ချောင်းဘေးတွင် တည်ဆောက်ထားပြီး စိုက်ပျိုးမြေဧက ၂၂၀၀၀ ကို အကျိုးပြုသည်။ ကျုံထော် ရေတံခါးတွင် လယ်သူမကြီး မမြစန်းအား တွေ့သဖြင့် မေးမြန်းရာ “လယ်စိုက် ဧက ၁၀ ဧကစိုက်ကြောင်း၊ ရေထိန်းတံခါးတည်ဆောက်ပေးခြင်းကြောင့် စပါးများ အောင်မြင်စွာစိုက်ပျိုးနိုင်ကြောင်း၊ ရေထိန်းတံခါးမရှိစဉ်က လယ်များရေဝင်နစ်မြုပ်ခြင်း၊ ရေငန်များဝင်လာသဖြင့် လယ်မြေများပျက်ခြင်း ဒုက္ခများနှင့်တွေ့ရကြောင်း၊ ယခုအခါ ထိုဒုက္ခများမှ လွတ်ကင်းသွား၍ ဆည်မြောင်းဌာနမှ လူကြီးများနှင့် နိုင်ငံတော်အစိုးရအား အထူးကျေးဇူးတင်လှပါကြောင်း” ဖြင့်ပြောကြားသည်။

ကာကွယ်ပေး

မွန်ပြည်နယ် သထုံခရိုင်တွင် ကတိုက်ရေလှောင်တမံ၊ မရမ်းကုန်းရေထိန်းတံခါး၊ ဆိပ်ကျွန်းရေထိန်းတံခါး၊ ဇီကွက္ကရဲရေထိန်းတံခါး၊ ကျုံထော်ရေထိန်းတံခါး၊ ရင်းငြိမ်ရေထိန်းတံခါးတို့ တည်ဆောက်ပြီး ရေကြီးနစ်မြုပ်မှုကို ကာကွယ်ပေးလျက်ရှိသည်။

ကတိုက် ရေလှောင်တမံမှာ ရေလှောင်ပမာဏ ၂၈၀၉၈ ဧက သိုလှောင်နိုင်ပြီး ရင်းငြိမ်ရေတံခါး ရေပေးလျက်ရှိသည်။

မရမ်းကုန်းရေထိန်းတံခါးမှာ(၆ပေ×၁၂ပေ)ရေတံခါး၁၅ပေါက်၊ ဆိပ်ကျွန်းရေထိန်းတံခါးမှာ(၆ပေ×၁၂ပေ)ရေတံခါး ၁၅ပေါက်၊ ဇီကွက္ကရဲရေထိန်းတံခါးမှာ (၆ပေ×၁၂ပေ)ရေတံခါး ၂၁ပေါက်၊ ကျုံထော်ရေထိန်းတံခါးမှာ(၆ပေ×၁၂ပေ)ရေတံခါး၂၇ပေါက်၊ ရင်းငြိမ်ရေထိန်းတံခါးမှာ (၆ပေ×၁၆ပေ) ရေတံခါးပေါက် ၄၀ ရှိကြသည်။

ထိန်းချုပ်နိုင်

ထပ်မံဆောက်လုပ်မည့် နောင်ကုလားရေထိန်းတံခါး တည်ဆောက်ပြီးစီးပါက ပင်လယ်လေးကွင်း အဓိကရေနုတ်မြောင်းများဖြစ်သော ဆိပ်ကျွန်းရေနုတ်မြောင်း၊ နောင်ဘို-ဇရပ်ချောင်းရေနုတ်မြောင်းနှင့် နောင်ကုလားချောင်းသစ် ရေနုတ်မြောင်းများကို ပိုင်နိုင်စွာ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ တည်ဆောက်ပြီးသော ဇီကွက္ကရဲရေထိန်းတံခါး၊ ကျုံထော်ရေထိန်းတံခါး၊ ရင်းငြိမ်ရေထိန်းတံခါးတို့၏ အကျိုးပြုဧရိယာများနှင့် တစ်ဆက်တည်းဖြစ်သွားကာ မွန်ပြည်နယ် သထုံခရိုင် အနောက်ဘက်ခြမ်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ရေတော်မိုးတော် စိုက်ပျိုးနိုင်သောလယ်များ ပေါ်ထွန်းလာတော့မည်ဖြစ်ပါကြောင်းကွင်းဆင်း လေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျုံထော်ရွာအနီး ရင်းငြိမ်ချောင်းကိုပိတ်၍ ရေငန်မဝင်နိုင်ရန်နှင့် ရေချိုထိန်းနိုင်ရန် တည်ဆောက်ထားသော ရေထိန်းတံခါး၄၀ပါ ရင်းငြိမ်ရေထိန်းတံခါးကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

စာပေရနံ့သင်းပျံ့ထုံဝေ ရွှေတိုင်းဌာနေ စစ်ကိုင်းမြေ

မြင်းမူမောင်နိုင်မိုး

သပြေတန်းခံတပ်ကို ကျော်လွန်ပြီဆိုသည်နှင့် မွေးရပ်မြေစစ်ကိုင်းတိုင်းက ကြိုဆိုနှုတ်ခွန်းဆက်လျက် ရှိပေသည်။ ဧရာဝတီမြစ်ပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသော ဆောင်းလေ အေးအေးက အဝေးမှလာသော ကျွန်တော်တို့အဖွဲ့ကို ကလူကျီစယ်ပြန်သည်။ ကျွန်တော်တို့ အဖွဲ့ဆိုသည်က စစ်ကိုင်းတိုင်းအတွင်းကျင်းပမည့် စာပေဟောပြောပွဲများတွင် ပါဝင် ဟောပြောကြမည့်ကျွန်တော်၊ စာရေးဆရာအယ်ဒီတာဆရာမြတ်ခိုင်၊ ဆရာမမစန္ဒာနှင့် ကျွန်တော်တို့ကို လာရောက်ကြိုဆိုသူ ဆရာခြိမ့်သဲတို့ပင်ဖြစ်ပါသည်။ ရန်ကုန်မှာတုန်းက အအေးဓာတ် မသိသာလှသော်လည်း အညာဆောင်းကား သိသိသာသာ အအေးကဲလွန်းပေစွ၊ အချိန်မှာ နံနက် ၅ နာရီခွဲခန့်သာရှိသေး၏။ နှင်းမှုန်များထူထပ်စွာ ကျနေသည်။ တောတောင်၏အလှ၊ ဧရာဝတီမြစ်၏အလှ၊ စစ်ကိုင်းတံတားနှင့် ရတနာပုံတံတားကြီးတို့၏အလှဖြင့် ရွှေတိုင်းဌာနေ စစ်ကိုင်းမြေကား တင့်တယ်ချင်တိုင်း တင့်တယ်လျက်ရှိပေသည်။

စစ်ကိုင်းတိုင်းသားတစ်ဦးဖြစ်သော ကျွန်တော်သည် မရောက်တာကြာပြီဖြစ်သော မိမိဇာတိတိုင်း၏ တိုးတက်ပြောင်းလဲမှုများကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါ၏။ ဂုဏ်ယူကျေနပ်ခြင်းလည်း များစွာဖြစ်မိပါ၏။

ဂုဏ်ယူဖွယ်ရာများလှစွာ

အမှန်စင်စစ် စစ်ကိုင်းတိုင်းသည် ရှေးနှစ်ပေါင်းများစွာကပင် ဂုဏ်ယူစရာအစဉ်အလာကောင်းများ များစွာရှိနေပါသည် ''လူသားအစ မြန်မာက'' ဟူသော မြန်မာ့အားမာန်ကြွေးကြော်သံတစ်ရပ်ကို အမျိုးသားပြတိုက်၏ ပြပွဲတစ်ခုမှာ တွေ့ခဲ့ရဖူးသည်။ ကမ္ဘာပေါ်မှာရှေးအကျဆုံး၊ အစောဆုံးဟု ယူဆရသော လူသားပရိုင်းမိတ်များကို မြန်မာနိုင်ငံတွင် တွေ့ရှိရခြင်းအပေါ် မူတည်၍ ထိုသို့သော အမျိုးသားရေး အားမာန်ပါသည့် ကြွေးကြော်သံပေါ်ပေါက်လာခြင်း ဖြစ်၏။ သို့ဆိုလျှင် ထိုပရိုင်းမိတ်များ တွေ့ရှိပေါ်ပေါက်ရာ စစ်ကိုင်းတိုင်းကို အကြောင်းပြု၍ လူသားအစ စစ်ကိုင်းတိုင်းကဟု ဂုဏ်ယူစွာ ဆိုမိခဲ့သည်ရှိသော် အပြစ်မပြောတန်ရာဟု ယူဆမိပါသည်။

နန်းတည်ရာဌာနတိုင်းနဂရ

မြန်မာ့သမိုင်းနှင့်ပတ်သက်၍ မြန်မာအစ တကောင်းက ဟူသော အဆိုတစ်ရပ်ရှိသည်။ အဆိုပါတကောင်းသည် ရှေးယခင်က စစ်ကိုင်းတိုင်း အပါအဝင်ဖြစ်သည်။ ဟန်လင်း၊ အင်းဝ၊ စစ်ကိုင်း၊ ကုန်းဘောင် (ရွှေဘို) အစရှိသော နန်းတည်ရာဌာနများသည်လည်း စစ်ကိုင်းတိုင်းအတွင်း တည်ရှိသည်။ (ယခုတော့ တကောင်း၊ အင်းဝသည် မန္တလေးတိုင်းအတွင်းမှာ ဖြစ်ပါသည်) မည်သို့ပင်ရှိစေ ကုန်းဘောင်မင်းဆက်များ ထွန်းကား အစပြုခဲ့ရာသည် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ဖြစ်သည်။ ထို့အပြင် စစ်ကိုင်းတိုင်းတွင် သူရဲကောင်းများစွာ မွေးဖွားခဲ့သည်။ ကျန်စစ်သားသည် မြောင်မြို့နယ်တွင် ပရိမ္မရွာသား၊ ငထွေရူးသည် မြင်းမူသား၊ အလောင်းဘုရား ဦးအောင်ဇေယျသည် မုဆိုးဖိုရွာသား၊ သတိုးသီရိသုဓမ္မမင်းကြီး မဟာဗန္ဓုလသည် ငပယင်းရွာသား၊ မင်းလက်ဝဲနော်ရထာ ဦးမြတ်သာနေသည် မုံရွေးရွာသား၊ လှေသင်းဝန် ဦးချိန်သည် မုံရွာသားဖြစ်သည်။ အခြားများစွာသော သူရဲကောင်းများရှိသေးသည်။

စာပေဂုဏ်ရည်ထင်ရှားသည်

ထင်ရှားသော စာဆိုများနှင့် စစ်သည်စာဆိုများစွာတို့ကိုလည်း စစ်ကိုင်းတိုင်းအတွင်းမှာ မွေးဖွားခဲ့သေးသည်။ အင်းဝရှင် သူရဲ၊ ဝန်ကြီး ပဒေသရာဇာ အင်းဝ၊ ဘလ္လာတိယပျို့ကိုသီကုံးသူ တွင်းသင်းမင်းကြီး မောင်းထောင်ရွာ၊ စိန္တကျော်သူဦးဩ မောင်းထောင်ရွာ၊ ရာမရကန် ဦးတိုး ရွှေဘိုအနောက်ဆီးတောရွာ၊ ဝက်မစွတ်နဝဒေး ဒုတိယနဝဒေး ဆားတောင်မြို့နယ် မင်းရွာ၊ မြဝတီမင်းကြီးဦးစ စစ်ကိုင်းအနောက် မိကျောင်းတက်ရွာ၊ဥမ္မာဒန္တီပျို့သီကုံးသူ မဟာမင်းလှမင်းခေါင်ကျော် ဦးရွှန်း အင်းဝ၊ ဦးခြိမ့် ရွှေဘိုခွန်တောင်းကြီးရွာ၊ အမှာတော်ရေး ဦးရှင်ကလေး အင်းဝအနီး လက်ဆောင်ယူရွာ၊ ညောင်ပင်သာ ဦးပုည စစ်ကိုင်း အစီခံရပ်၊ စသာဦးကြီး စစ်ကိုင်း-စသာ-ချေးတက်ရွာ၊ သာဝတ္ထိဦးကြီး ရွှေဘိုမြောက်-သာဝတ္ထိ၊ မောင်းထောင် ဦးကျော်လှ၊ လယ်တီပဏ္ဍိတဦးမောင်ကြီး ချောင်းဦး-ညောင်ချဉ်ပင်ရွာ၊ မဟာဆွေ စစ်ကိုင်း မင်းဝံရပ်၊ ရွှေဥဒေါင်း ဝက်လက်မြို့နယ် မန်ကျည်းတုံရွာ စသည့် ထင်ရှားသော စာဆိုများစွာ မွေးဖွားခဲ့ပါသည်။

ထို့အပြင် ကုန်းဘောင်ခေတ်တွင် ထင်ရှားလှသော ယောအတွင်းဝန် ဦးဘိုးလှိုင် မြောင်မြို့နယ် ပေါက်ချောင်းရွာ၊ ကင်းဝန်မင်းကြီး ဦးကောင်း ဇန့်ကျီတိုက်အဝင် ပုလဲမြို့နယ် မင်းတိုင်ပင်ရွာ၊ အမတ်ကြီး ဦးပေါ်ဦး တန့်ဆည်ရွာ ယခု တန့်ဆည်မြို့၊ သီပေါမင်း၏ ငယ်ဆရာ ထရံကာ ဆရာကြီး ဦးအုန်းညွန့် ဝက်လက်မြို့နယ် သရိုင်ရွာ၊ ရုပ်သေးမင်းသား ရွှေဘို တင်မောင် စသည့် ပုဂ္ဂိုလ်အကျော်အမော်များလည်း စစ်ကိုင်းတိုင်းသားများပင် ဖြစ်သည်။

စစ်ပြီးခေတ်တွင်လည်း စစ်ကိုင်းအေးလွင်၊ စစ်ကိုင်းနှင်းနွယ်၊ စစ်ကိုင်းနွယ်မြင့်၊ စစ်ကိုင်းဟန်တင်၊ စစ်ကိုင်းသူရ၊ စစ်ကိုင်း ဆရာကြည်၊ ဇော်ထက်အောင်၊ မင်းသစ်၊ မချစ်ရှိန်၊ တက္ကသိုလ်ငြိမ်းရည်၊ ဘုတလင် ချစ်လေး၊ မောင်ငြိမ်းအေး ဘုတလင်၊ နေမျိုးသန့် ရေစကြိုတို့သည် ထင်ရှားသော စာရေးဆရာများဖြစ်ကြပါသည်။ အခြားအခြား များစွာသော စာရေးဆရာများ၊ ပညာရှိများ၊ သူရဲသူခက်များ ရှိကြပါသေးသည်။ ရုတ်ခြည်းအားဖြင့် ကျွန်တော်မှတ်မိသမျှသာ ဖော်ကျူးရေးသားရခြင်း ဖြစ်ပါ၏။

စစ်ကိုင်းတိုင်းနှင့်ပတ်သက်၍ တစ်မျှော်တစ်ခေါ်ကြီး တွေးတောနေမိစဉ်မှာပင် ကျွန်တော်တို့အဖွဲ့ကို လာရောက်ကြိုဆိုသော ဦးမောင်ကို စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဆရာမောင်မျက်ရှင် (စစ်ကိုင်းဦးဘိုးသင်း၏မြေး)တို့က ကျွန်တော်တို့ကို စိန်ပန်းမြိုင်တည်းခိုခန်းမှာ နေရာချထားပေးပါသည်။ ထိုနေ့ နံနက်မှာပင် ခရိုင်ဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းက စစ်ကိုင်းခရိုင်နှင့် ပတ်သက်၍ သိမှတ်လေ့လာဖွယ်များကို သူ၏ရုံးခန်းတွင် မြေပုံနှင့်တကွ တွေ့ဆုံရှင်းလင်းပြပါသည်။

စာပေဟောပြောပွဲအစီအစဉ်များကတော့ ၁၀ပွဲဟောပြောရန် စီစဉ်ထားပါသည်။ စီစဉ်ထားသည့်အတိုင်း ၁၉-၁၂-၂၀၀၈ မွန်းတည့် ၁၂:၀၀ နာရီမှာ ရွာသစ်ကြီးရှိ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဟောပြောရသည်။ ဆရာမ မစန္ဒာက ဝတ္ထုတစ်ပုဒ်ရေးသားခြင်း၊ ဆရာမြတ်ခိုင်က သတင်းမုဆိုး၊ ကျွန်တော်က ဘဝထဲက ကဗျာ ကဗျာထဲကဘဝ စသည့် ခေါင်းစဉ်များဖြင့် အသီးသီး ဟောပြောကြပါသည်။ ပါမောက္ခချုပ် ဦးဇော်မင်းသိမ်း မအားလပ်သဖြင့် ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းသား၊ ကျောင်းသူများ ခန်းမအပြည့် နားထောင်ကြပါသည်။ ထိုနေ့ည ဟောပြောပွဲကတော့ စစ်ကိုင်းမြို့ မြို့တော်ခန်းမမှာ ကျင်းပပါသည်။ ဆောင်းညအေးအေးမှာ အနွေးထည်တွေ၊ မာဖလာတွေနှင့် လာရောက်နားထောင်ကြသည်။ နောက်တစ်နေ့ ၂၀-၁၂-၂၀၀၈ ရက်မှာ ရန်ကုန်သို့ လာရောက်ကန်တော့ခံနိုင်ခြင်း မရှိသော စစ်ကိုင်းမြို့က စာရေးဆရာကြီး ဦးကျောင်းနှင့် ဆရာမကြီး စစ်ကိုင်းနွယ်မြင့်တို့ကို ကျွန်တော်တို့သုံးယောက်က သွားရောက်ကန်တော့ကြပါသည်။ ဆရာမကြီး စစ်ကိုင်းနွယ်မြင့်သည် အသက်(၈၃)နှစ်ရှိပါပြီ။

ဆရာမကြီးက မြင်းမူမောင်နိုင်မိုးအတွက် လွန်ခဲ့တဲ့ သုံးနှစ်ကျော်က ရေးထားခဲ့တဲ့ ကဗျာတစ်ပုဒ် လက်ဆောင်ပေးစရာရှိတယ်ဟုဆိုကာ ကဗျာလေးတစ်ပုဒ်ကိုပေးပါသည်။ ကျွန်တော်က ဖတ်ကြည့်မယ်အမေလို့ပြောတော့ ဆရာမကြီးက ''မဟုတ်ဘူး၊ အမေကိုယ်တိုင် ဖတ်ပြမယ်''ဟုဆိုကာ ကဗျာလေးကို ကိုယ်တိုင်ရွတ်ဖတ်ပြပါသည်။ ကဗျာခေါင်းစဉ်က ''အာဂယောကျ်ား မြင်းမူသား''ဟူသတည်း။ ကျွန်တော်တို့တစ်ဖွဲ့လုံး ဝမ်းသာကြည်နူးကြရပါသည်။

ထို့နောက် စာရေးဆရာကြီး ဦးကျောင်း(ဦးချစ်လှ)ကို သွားရောက်ကန်တော့ကြပါသည်။ ဆရာကြီးဦးကျောင်းကို ကန်တော့အပြီးမှာ ဆရာမကြီး စစ်ကိုင်းနွယ်မြင့်က သားဖြစ်သူနှင့်အတူ ရောက်လာ၏။ ဆရာကြီးနှင့် ဆရာမကြီးတို့သည် ခမည်းခမက်တော်စပ်ကြသည်။ ကျွန်တော်တို့ ကန်တော့ပြီး အပြန်မှာတော့ ဆရာကြီး ဦးကျောင်းနှင့် ဆရာမကြီး စစ်ကိုင်းနွယ်မြင့်တို့က ပြုံးရွှင်ကြည်နူးစွာ လက်ပြနှုတ်ဆက်၍ ကျန်ရစ်ခဲ့ကြလေသည်။ စစ်ကိုင်းပွဲပြီးတော့ မြင်းမူမြို့ကို ခရီးဆက်ရမည်ဖြစ်သည်။ စစ်ကိုင်းမှမထွက်မီ ရတနာပုံ တံတားသစ်ကြီးကို သွားရောက်လေ့လာကြပါသည်။

နေရောင်မပွင့်တပွင့် ဆောင်းနံနက်ခင်းဝယ် ဧရာဝတီမြစ်ကို ဖြတ်ကူးသော တံတားကြီးနှစ်စင်း၏အကြားတွင် အမှတ်တရ ဓာတ်ပုံရိုက်ရသည်မှာ ပျော်ရွှင်ကြည်နူးစရာ ကောင်းလှပေ၏။ ထိုမှခရီးဆက်လေသော် မြင်းမူမြို့သို့ နံနက် ၁၁ နာရီကျော်ကျော်မှာ ရောက်သည်။ မြင်းမူဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဒေါ်မညိုတို့ ဇနီးမောင်နှံက ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံကျွေးမွေးကြသည်။ ရခိုင်ပြည်နယ်ဖွား တိုင်းရင်းသားဇနီးမောင်နှံတို့၏ ရခိုင်သံဝဲဝဲကို နားထောင်ရင်း နံနက်စာကို မြိန်ရှက်စွာ သုံးဆောင်ရသည်။

စာပေဟောပြောပွဲကို မြင်းမူမြို့ ရှင်ပင်သိမ်တော်ကြီးဓမ္မာရုံမှာ ကျင်းပပါသည်။ ချောင်းဦးမြို့ စာပေဟောပြောပွဲကို အထက(၂)တွင် ည ၈ နာရီမှ စတင်ကျင်းပနိုင်ပါသည်။ ချောင်းဦး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ စောလှထွန်း(ချောင်းဦး)တို့က ဦးစီးဦးဆောင် ပြုလုပ်ဆောင်ရွက်ပေးသည်။ ထိုနေ့ညက မုံရွာမြို့ Golden Arrow ဟိုတယ်မှာ တည်းခိုရသည်။

နောက်တစ်နေ့နံနက်တွင် မုံရွာမြို့၏ နာမည်ကျော် ဒေါ်ပြုံးမုန့်တီဆိုင်မှာ နံနက်စောစောစားပြီး ယင်းမာပင်မြို့သို့ ခရီးဆက်ရသည်။ ၁၆ မိုင်မျှသာ ကွာဝေးသည်ဖြစ်၍ သိပ်ပြီးကြာကြာ မမောင်းရပါ။ လမ်းတစ်လျှောက်တွင် ထနောင်း၊ တမာဝေဝေဆာသော အေးရိပ်အလှကို ရှုမျှော်ရသည်။ အဝေးဆီက ထန်းတောညိုညိုများကို မြင်ရတော့ လွမ်းမောသလို ခံစားရသည်။ ယင်းမာပင်မြို့သို့ ၁၀ နာရီခန့်မှာ ရောက်သည်။ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က စောင့်ကြိုနေပါသည်။ စာပေဟောပြောပွဲကိုလည်း တခမ်းတနား ပြင်ဆင်ထားပြီး နားထောင်မည့် ပရိသတ်များမှာ မြို့နယ်ခန်းမကြီး အပြည့်ဖြစ်ပါသည်။ ယင်းမာပင်မှာ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီခွဲခန့်အထိ ဟောပြောသည်။ ဟောပြောပွဲအပြီးတွင် ယင်းမာပင်မြို့၏ အဓိကအားထားနေရသော ရေလှောင်တွင်းများကို သွားရောက်လေ့လာကြသည်။ သဘာဝရေလှောင်တွင်းများမှ ထွက်သည့် ရေ(ရေပူတွေကို) စနစ်တကျတူးဖော်ပြီး လယ်မြေတွေ ရေသောက်နိုင်အောင် စီစဉ်ထားသည်မှာ အားရစရာကောင်းလှပါသည်။ ရေလှောင်တွင်းပေါင်း ၉၉တွင်း ရှိသည်ဟုလည်း သိရှိရပါသည်။

ယင်းမာပင်မြို့နှင့် ပုလဲမြို့ကား ၁၁ မိုင်ခန့်သာ ဝေးပါသည်။ ပုလဲမြို့ကို ညနေ ၅ နာရီခန့်မှာ ရောက်သည်။ လိုက်ပါလာသော အဖွဲ့ဝင်များအနက် နားသည့်သူက နားပြီး ဒေသသဘာဝပတ်ဝန်းကျင်လေ့လာသူက လေ့လာသည်။ ပြီးတော့မှ ပြန်လည်ပေါင်းစပ် ဆွေးနွေးကြသည်။ ထို့အပြင် မြန်မာစစ်ဗိုလ် ဗိုလ်သာကြည်၏ လက်ချက်ဖြင့် ကျဆုံးခဲ့သော အင်္ဂလိပ် စစ်ဗိုလ်နှစ်ဦး၏ စစ်သင်္ချိုင်းနေရာကလည်း မြန်မာ့ရဲစွမ်း အံ့မခန်းရှိလှပုံကို ဖော်ကျူးနေပေသည်။

မင်းတိုင်ပင်ရွာမှ ခြောက်မိုင်ခန့် သွားသည်ရှိသော် လှိုင်းချောင်းတမံကို ရောက်ရှိမည်ဖြစ်သည်။ လှိုင်းချောင်းတမံမှ ရေစီးသံနှင့်အတူ ထန်းတောညို့ညို့တောမို့မို့ဖြင့် လှပသောနွယ်အင်းရွာကလေးကို ရောက်ရှိနိုင်သည်။ ထိုရွာကလေးမှာ မကြာမီကဖွင့်လှစ်ခဲ့သော ''ဦးစိုးပြိုင်စာကြည့်တိုက်'' အသစ်ကလေးရှိပါသည်။ အလှူရှင်များ၏ စေတနာဖြင့် စာအုပ်စာတမ်း ဖတ်ရှုစရာ အုပ်ရေ ၆၀၀၀ ခန့် ရှိနေပြီဖြစ်ကြောင်း သိရသည်။ မှောင်ရီပျိုးနေပြီဖြစ်သဖြင့် ကိုယ်တိုင်အရောက် မသွားနိုင်တော့သော်လည်း မနီးမဝေးမှ လှမ်းမျှော်ကြည့်ရှုရင်း ကဗျာလေးတစ်ပုဒ် ရေးဖွဲ့မိသည်-

နွယ်အင်းမှာ စံပယ်သင်းပါလို့
တကယ်အလင်းဖြင့်ရခဲ့သည်။
စေတနာ ဖြူစင်တဲ့
အလှူရှင် ကုသိုလ်ထူးရယ်ကြောင့်
ဦးစိုးပြိုင် စာကြည့်တိုက်
ဖွင့်လိုက်ပါပြီ။
အနုအလှတွေနဲ့
ဗဟုသုတ စုံစုံညီ
အစီအရီကွဲ့ စာအုပ်များ။
စာအုပ်စာပေ
လူ့မိတ်ဆွေဆို စကားရယ်ကြောင့်
ဒို့များ နွယ်အင်းမြေဌ
မိတ်ဆွေတွေ အသိန်းအသန်းရယ်နှင့်
စိမ်းလန်းစွာ အလှတိုးပါလို့
ဖွံ့ဖြိုးအောင် နောင်တစ်ခေတ်တွက်
အားသစ်တွေပွား။ ။

ပုလဲမြို့ စာပေဟောပြောပွဲကို ည ၇ နာရီခန့်မှာစတင်၍ မြို့လယ်ဓမ္မာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ပုလဲမြို့မှ စာပေချစ်မြတ်နိုးသူများက ဓမ္မာရုံထဲမှာ ရုံပြည့်သည့်အပြင် ဓမ္မာရုံအပြင်ဘက်မှာလည်း စုကာဝေးကာ အားပေးနားထောင်ကြပါသည်။

နောက်တစ်နေ့ ၂၂-၁၂-၂၀၀၈ရက် နံနက်စောစော မုံရွာသို့ ပြန်ပါသည်။ မုံရွာမြို့တွင် မုံရွာဟိုတယ်မှာ တည်းခိုသည်။ မူလက မလဲသာရွာ (ရေစကြိုမြို့နယ်)သို့ သွားရောက်ဟောပြောကြရန် ဖြစ်သော်လည်း အချိန်နှင့်အကွာအဝေးကို တွက်ဆပြီး မလဲသာသို့ မသွားဖြစ်တော့ပါ။ မလဲသာတွင် နံနက်ဟောပြောမည့်အစား ဘုတလင်မြို့သို့သွားရောက်ကြပါသည်။ ဘုတလင်မြို့ဆိုသည်နှင့် စာရေးဆရာကြီး သိန်းဖေမြင့်နှင့် ဆရာဘုတလင် ချစ်လေးကိုလည်းကောင်း၊ ကျွန်တော်၏ငယ်ဆရာ ဘုတလင်မောင်ငြိမ်းအေးကို လည်းကောင်း သတိတရရှိလှသည်။ ဘုတလင်မြို့ဟောပြောပွဲက ညနေ ၃ နာရီခန့်မှာ ပြီးသည်။ ထိုညက မုံရွာမှာ ကောင်းမွန်စွာ အနားယူခဲ့ကြသည်။

ဒီဇင်ဘာလ ၂၃ရက် နေ့လယ်တွင် မုံရွာမြို့ စာပေဟောပြောပွဲကို မြို့တော်ခန်းမ၌ ကျင်းပသည်။ ထိုနေ့ နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ကျွန်တော်တို့ စာရေးဆရာအဖွဲ့ကို တိုင်းမှူး၏ရုံးခန်းတွင် ခေါ်ယူတွေ့ဆုံ၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ စစ်ကိုင်းတိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ တိုင်းလဝကဦးစီးမှူးတို့နှင့်အတူ နှုတ်ဆက်စကား ပြောကြားပြီး အမှတ်တရ လက်ဆောင်များ ချီးမြှင့်ပါသည်။ နေ့လယ် စာပေဟောပြောပွဲတွင် တိုင်းမှူး၏ ဇနီး ဒေါ်ခင်မြဦးနှင့် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး အစရှိသည့်အဖွဲ့များအပြင် မုံရွာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စာပေဝါသနာရှင်များ ခန်းမအပြည့်အလျှံ တက်ရောက် နားထောင်ကြသည်။

ဒီဇင်ဘာ ၂၃ ရက် ညမှာ ကြေးနီတောင်ကို သွားရောက် ဟောပြောရပါသည်။ ဤခရီးစဉ်မှာ ဤပွဲသည် နောက်ဆုံးပွဲစဉ်ပင်ဖြစ်တော့သည်။ ကြေးနီမိသားစု၏ ရောင်ခြည်ဦး စာကြည့်တိုက်ကလေးမှာ ထည်ဝါခံ့ညား လှပေသည်။ စာဖတ်သူ၊ စာအုပ်ငှားသူတွေနှင့် စည်ကားလှပါ၏။ စာရေး ဆရာမောင်မြနီ (တမာတော)ကိုလည်း စက်ရုံ၏ ဝန်ထမ်းတစ်ဦးအဖြစ် တွေ့ဆုံခဲ့ရသည်။ ကြေးနီစာပေ ဟောပြောပွဲအပြီးမှာ မုံရွာဟိုတယ်သို့ ပြန်ခဲ့ကြသည်။ ည ၁၂ နာရီ ထိုးခါနီးလေပြီ။

ဟောပြောပွဲ ကိုးပွဲ

၁၈-၁၂-၂၀၀၈ ရက် မှ ၂၄-၁၂-၂၀၀၈ ရက်အထိ ခရီးစဉ်အတွင်း စစ်ကိုင်းတိုင်းအတွင်း စစ်ကိုင်း၊ ရွာသစ်ကြီး၊ မြင်းမူ၊ ချောင်းဦး၊ ယင်းမာပင်၊ ပုလဲ၊ ဘုတလင်၊ မုံရွာ၊ ကြေးနီအစရှိသည့် နေရာကိုးနေရာ၌ ကိုးပွဲဟောပြောခဲ့ရသည်။

စစ်ကိုင်းတိုင်းကား စာပေရနံ့ထုံပျံ့နေသော ရွှေတိုင်းဌာနေပင် ဖြစ်ပါသည်။ ရှေးဘုရင်များခေတ်က စာပေ၊ ကဗျာ၊ အလင်္ကာ၌ ကျွမ်းကျင်နှံ့စပ်သော ပညာရှင်များ အများအပြား ပေါ်ထွက်ခဲ့သည့်နည်းတူ ယခုခေတ်တွင်လည်း ပေါ်ထွက်နေဆဲပင်ဖြစ်ပါ၏။ ထို့ကြောင့်ပင် ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့တွင် စစ်ကိုင်းတိုင်းအတွင်းရှိ အသက် (၇၀) အထက် စာပေပညာရှင်ကြီး ၂၆ ဦးကို ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအဖြစ် သတ်မှတ်ကာ ထူးထူးခြားခြား ပူဇော်ကန်တော့ပွဲကျင်းပခဲ့ပါ၏။ ယင်းကန်တော့ပွဲသို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တက်ရောက်ကန်တော့ခဲ့ကြောင်း၊ အကန်တော့ခံ သက်ကြီးစာပေပညာရှင်တစ်ဦးလျှင် ငွေကျပ်၃၀၀၀၀ ကန်တော့ကြောင်းလည်း သိရှိရပါသည်။

အပြန်ခရီးလမ်းတစ်လျှောက်မှာ စစ်ကိုင်း-မုံရွာ၊စစ်ကိုင်း-ရွှေဘိုကတ္တရာလမ်းအား အဆင့်တိုးမြှင့် ဖောက်လုပ်နေသည်ကို တွေ့ရ၏။ စုစုပေါင်း မိုင်အရှည် ၇၁ မိုင်ရှိပြီး ရွှေတောင်ဖွံ့ဖြိုးရေး ကုမ္ပဏီမှ(ဘီ-အို-တီ) စနစ်ဖြင့် ဆောင်ရွက်နေသည်ဟုသိရ၏။ ထို့အပြင်လည်း စစ်ကိုင်း ခရိုင်၊ ရွှေဘိုခရိုင်၊ ကသာခရိုင်တို့ ဖြတ်သန်းဖောက်လုပ်နေသော ခရိုင်ချင်းဆက် လမ်းမကြီးကလည်း ၂၂၉ မိုင် ခုနစ်ဖာလုံ ရှည်လျားမည်ဖြစ်သည်။ ထိုလမ်းမကြီးသည် ယခုအခါ မြေသားလမ်းအဆင့်ကျော်လွန်ပြီး ကျောက်ခင်းလမ်း ဖောက်လုပ်နေပေပြီ။ နောက်မကြာမီမှာ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် စစ်ကိုင်းတိုင်း ကလေးမြို့နယ်ရှိ မဏိပူရဆည်က ဆည်ရေသောက်ဧရိယာ ဧက ၅၀၀၀၀ ကို အကျိုးပြုနိုင်ရန်အတွက်လည်းကောင်း၊ ကလေးမြို့နယ်အတွင်းမှာပင် ရာဇဂြိုဟ်ဆည်က ဧက ၆၅၀၀ အကျိုးပြုနိုင်ရန်အတွက်လည်းကောင်း စီမံကိန်းများအသီးသီး ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မုံရွာမှ မန္တလေးသို့သွားသော လမ်းဘေးဝဲ၊ ယာမှာ ထနောင်းပင်လေးတွေ တမာပင်လေးတွေ ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့၏။ ထန်းတောညိုညိုလေးတွေမှာ ထန်းလုပ်သားများ လုပ်ငန်းခွင်ဝင်နေပုံကို ရှုမြင်ရတော့ ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမားဖွဲ့ တျာချင်းကို သတိရမိပြန်သည်။ ကျွန်တော်တို့ငယ်စဉ် မြင်းမူမြို့မှာ ကျောင်းနေစဉ်က တခြားမြို့ရွာက သူငယ်ချင်းတွေဆီ စာရေးလျှင် စာအဆုံးမှာ ''အညာမြေကလည်း စိုပြည်ပါသည်၊ သဟာဆွေကလည်း ကြိုနေပါမည်။'' ဟု ထည့်ရေးလေ့ရှိ၏။ ယခုတော့လည်း စိုပြည်တဲ့ တမာတန်းနှင့်အညာ အလွမ်းဘွဲ့ကဗျာလေးတွေ ရေးရဦးမည် ထင်သည်။ အခိုက်အတန့်အားဖြင့်တော့ စာပေရနံ့ဆွတ်ပျံ့ထုံဝေ ရွှေတိုင်းဌာနေ စစ်ကိုင်းမြေကို ခွဲခွာရပေဦးမည်။ ။

❒ *ကျော်ဖုံးမှ*

ပထမဆုံး ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးရရှိသည့် ဘောလုံးသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ စီရိုနယ်ဒိုသည် ၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် အေစီမီလန်တိုက်စစ်မှူး ကာကာ၊ လီဗာပူးတိုက်စစ်မှူး တောရက်စ်၊ ဘာစီလိုနာ တိုက်စစ်မှူးမက်ဆီ၊ ဇာဗီတို့နှင့် အပြိုင်ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

အကောင်းဆုံးစွမ်းဆောင်

စီရိုနယ်ဒိုအနေဖြင့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် နောက်ဆုံးဆန်ခါတင် ငါးဦးရွေးချယ်ခဲ့ရာတွင် မဲပေါင်း ၄၄၆မဲရရှိခဲ့ပြီး ဒုတိယနေရာမှ မက်ဆီက ၂၈၁မဲ၊ တောရက်စ်က ၁၇၉မဲ အသီးသီးရရှိခဲ့ကြသည်။ အသက် ၂၃နှစ် အရွယ်ရှိ စီရိုနယ်ဒိုအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီ၌ မန်ယူအတွက် ချန်ပီယံလိဂ်ဖလားနှင့် ပရီမီယာလိဂ်ဖလားများ ရရှိရေးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ပြီး ဂိုးပေါင်း ၄၂ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးဘောလုံးသမားဆုကို ဘရာဇီး တိုက်စစ်မှူးမာတာ ဤသို့လက်ခံယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို လက်ခံရယူပြီးနောက် စီရိုနယ်ဒိုက **"ဒီဆုရရှိတဲ့အတွက် ကျွန်တော့်မိသားစု၊ ကျွန်တော့်မိတ်ဆွေတွေနဲ့ ကစားဖော်တွေကို ကျေးဇူးတင်ကြောင်း၊ အထူးသဖြင့် ကျွန်တော့်အပေါ် အမြဲတမ်းသွန်သင်ပြသပြီး မှန်ကန်တဲ့ လမ်းကြောင်းကို ညွှန်ပြပေးနေတဲ့ ဆရာကြီးဖာဂူဆန်ကို ကျေးဇူးတင်ပါကြောင်း၊ ဆရာကြီး ဖာဂူဆန်ဟာ ဒီဆုရရှိဖို့အတွက် အဓိကကျတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါကြောင်း"** အလေးအနက်ထား ပြောကြားသွားသည်။

ရွေးချယ်

စီရိုနယ်ဒိုသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ဥရောပအကောင်းဆုံးဘောလုံးသမားဆု၊ ပြီးခဲ့သည့် အောက်တိုဘာလက ဖီပရိုကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုနှင့် World Soccer ဆုများရရှိခဲ့သေးသည်။ ဤကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ကမ္ဘာ့နိုင်ငံလက်ရွေးစင်အသင်းနည်းပြနှင့် အသင်းခေါင်းဆောင် ၂၀၈ဦးတို့က နောက်ဆုံးမဲဆန္ဒပေး ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

စီရိုနယ်ဒိုသည် မိခင်ပေါ်တူဂီနိုင်ငံအတွက် ဒုတိယမြောက် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့သည့် ဘောလုံးသမား တစ်ဦးဖြစ်လာသည်။ ပေါ်တူဂီနိုင်ငံအတွက် ပထမဆုံး ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ၂၀၀၁ခုနှစ်က လူးဝစ်ဖီဂိုက ရယူပေးနိုင်ခဲ့သည်။

နှစ်အလိုက်

၂၀၀၁ ခုနှစ်မှ စတင်၍ နှစ်အလိုက် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့သူများမှာ ဖီဂို(၂၀၀၁)၊ ရော်နယ်ဒို(၂၀၀၂)၊ ဇီဒန်း (၂၀၀၃)၊ ရော်နယ်လ်ဒင်ဟို (၂၀၀၄)၊ ရော်နယ်လ်ဒင်ဟို (၂၀၀၅)၊ ကင်နာဗာရို (၂၀၀၆)နှင့် ကာကာ (၂၀၀၇)တို့ဖြစ်ကြသည်။

ထို့အတူ ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးဘောလုံးသမားဆုကို ဘရာဇီးတိုက်စစ်မှူးမာတာက ရမှတ် ၁၀၀၂မှတ်ဖြင့် ရွေးချယ်ခံခဲ့ရကာ သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ဗီယက်နမ်တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ် လှိုင်းလုံးကြီးများရိုက်ခတ်မှုကြောင့် အိမ် ၂၇ လုံးပျက်စီး

ဟနွိုင်း ဇန်နဝါရီ ၁၃

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဖန်သက်မြို့တွင် ဇန်နဝါရီ ၁၃ရက်က မုန်တိုင်းတိုက်ခတ်ပြီး အလွန်ကြီးမားသော လှိုင်းလုံးကြီးများ ရိုက်ခတ်မှုကြောင့် ကမ်းခြေရှိ နေအိမ် ၂၇လုံး ပြိုကျပျက်စီးခဲ့ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ရေလှိုင်းကြီးများရိုက်ခတ်

ယခုရက်ပိုင်းအတွင်း လေပြင်းများတိုက်ခတ်ပြီး ဗီယက်နမ်ကမ်းလွန်၌ အလွန်မြင့်သော ရေလှိုင်းကြီးများဖြစ်ပေါ်လျက်ရှိရာမှ ကမ်းခြေသို့ အရှိန်ဖြင့်ရိုက်ခတ်နေခဲ့ခြင်းဖြစ်သည်။

အန္တရာယ်ကြုံတွေ့

ဖန်သက်မြို့မှာ ဟိုချီမင်းမြို့အရှေ့ဘက် ကီလိုမီတာ ၂၀၀ခန့်အကွာ ကမ်းခြေမြို့ဖြစ်ပြီး လှိုင်းလုံးကြီးများ ဆက်တိုက်ရိုက်ခတ်နေသဖြင့် ကမ်းခြေရှိ နေအိမ် ၁၀၀ခန့်မှာ ပြိုကျပျက်စီးမှုအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

(အင်တာနက်)

မြန်မာ့သိုင်းပညာစဉ်ပြပွဲ အချိန်ပြောင်းလဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ မြန်မာ့သိုင်းပညာစဉ်ပြပွဲကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဇန်နဝါရီ ၁၇နှင့် ၁၈ရက်တို့တွင် နံနက် ၈နာရီမှစတင်၍ ပြသမည်ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။

(မြန်မာ့အလင်း)

နွေဦးမှာ အနေထူးစေဖို့ ဒေဝူးရဲ့စေတနာအဖြစ် နွေဦးအကြို ဒေဝူးဈေးရောင်းပွဲတော် ကျင်းပမည်

ဈေးကွက်သတင်းမြင်ကွင်း - မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံ - ဝေလင်း(သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၇

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းလာမှုနှင့်အတူ ပြည်တွင်း၊ ပြည်ပကုမ္ပဏီအသီးသီး၏နှစ်သစ်ကူး ဈေးရောင်းပွဲတော်များကို ရန်ကုန်မြို့၌ ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိကြသည်။

OK Myanmar Co., Ltd. ၏ နွေဦးအကြို ဒေဝူးဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၁၅ရက်မှ ၁၈ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၆နာရီအတွင်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Treasure Tower ၏ ကား Parking ဝင်းအတွင်း၌ ဒေဝူးချစ် ပရိသတ်များအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်စီးပွားရေး

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်ကို စတင်အကောင်အထည်ဖော်ခဲ့သည့်ကာလမှအစပြု၍ မြန်မာပြည်သူများအနေဖြင့် ဒေဝူးနှင့် အစောဆုံးထိတွေ့ခဲ့ကြသည်ကို မှတ်မိပါသေးသည်။ မြန်မာ့ရုပ်မြင်သံကြား၏ ကြော်ငြာကဏ္ဍတွင်လည်း နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် ထက်ထက်မိုးဦး၏ **"အားလုံးအတွက် ဒေဝူး"** ဆိုသည့် အသံလေးကိုလည်း ကြားယောင်မိပါသေးသည်။

သို့မို့ကြောင့် မိမိတို့သတင်းအဖွဲ့သည် **"နွေဦးအကြို ဒေဝူးဈေးရောင်းပွဲတော်"** နှင့်စပ်လျဉ်း၍ ပရိသတ်များထံ သတင်းအချက်အလက်များ တင်ပြပေးနိုင်ရန် OK Myanmar Co., Ltd. ဒါရိုက်တာ ဦးဇော်ဝိတ်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

အရောင်းသွက်

ရှေးဦးစွာ ဈေးရောင်းပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ဦးဇော်ဝိတ်က ရှင်းပြရာတွင် **"မကြာမီ နွေရာသီရောက်လာတော့မယ်၊ နွေရာသီဆိုရင် ရေခဲသေတ္တာ၊ Air Con တို့လို ပစ္စည်းတွေဟာ ပိုပြီးအရောင်းသွက်လာပါတယ်၊ ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်တဲ့ပစ္စည်းတွေကို ဈေးနှုန်း သက်သက်သာသာနဲ့ ကြိုတင်ဝယ်ယူနိုင်အောင် နွေဦးအကြို ဒေဝူးဈေးရောင်းပွဲတော်ကို ကျင်းပသွားမှာဖြစ်ပါတယ်"**ဟု ပဏာမပြောကြားသည်။

ဆက်လက်၍ "လက်ရှိဈေးကွက်ထဲမှာ လူကြိုက်များ၊ အသုံးများတဲ့ ဒေဝူးအမှတ်တံဆိပ် ရေခဲသေတ္တာ၊ Air Con, TV, DVD, Microwave Oven, HQ အမှတ်တံဆိပ်အအေးခန်း၊ Showcase မျိုးစုံ၊ Deep Freezer စတဲ့ Brand New ပစ္စည်းသစ်တွေကို သက်သာတဲ့ ဈေးနှုန်းများနဲ့ ရောင်းချပေးသွားမှာဖြစ်ပါတယ်။

အခုကျင်းပမယ့်ဈေးပွဲတော်မှာ ပစ္စည်းတွေကို နှစ်ထပ်ကွမ်းဈေးလျှော့ရောင်းချပေးသွားမှာဖြစ်ပါတယ်။ ပြည်သူလူထုတွေအနေနဲ့ တကယ်လာကြည့်ပါ၊ သိသိသာသာ ဈေးလျှော့ထားတာကို မျက်မြင်တွေ့ရှိရပါလိမ့်မယ်"ဟု ပြောကြားသည်။

နှစ်ထပ်ကွမ်းဈေးလျှော့

ထို့နောက် နှစ်ထပ်ကွမ်းဈေးလျှော့ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် "ပထမလျှော့တာက ကျွန်တော်တို့ကိုယ်တိုင်က လျှော့နိုင်လို့ လျှော့တဲ့ဈေးနှုန်းပါ။ နောက်ထပ်လျှော့ပေးတာက ဈေးပွဲတော်ရက်မှာ ပစ္စည်းထုတ်လုပ်တဲ့ဒေဝူးလျှပ်စစ်ကော်ပိုရေးရှင်းကို ကျွန်တော်တို့ကုမ္ပဏီက ထပ်မံတောင်းဆိုပြီး လျှော့ပေးတာဖြစ်ပါတယ်။ အရေအတွက်ကန့်သတ်ချက်တော့ ရှိပါတယ်။ ဈေးပွဲတော်ရက်အတွင်းမှာ ရောင်းတဲ့ဈေးတွေက ဈေးပွဲတော်ကာလမှာပဲ ရနိုင်မှာဖြစ်ပါတယ်။ ဈေးပွဲတော်ပြီးသွားရင် ဈေးပွဲတော်ဈေးတော့ မရတော့ပါဘူး။ ဒါပေမယ့် ဈေးပွဲတော်မလုပ်ခင်က ဈေးထက်တော့ လျှော့မှာပါ။

ရှင်းအောင်ထပ်ပြောရရင် သဘောအားဖြင့် ဈေးပွဲတော်မတိုင်မီ အခုအချိန်မှာ ကျပ်တစ်သိန်းနဲ့ရောင်းနေတဲ့ပစ္စည်းဆိုပါစို့၊ ဈေးပွဲတော်မှာ ကျွန်တော်တို့ကုမ္ပဏီက လျှော့နိုင်တဲ့ဈေးက ကျပ်တစ်သောင်း၊ ဒေဝူးလျှပ်စစ်ကော်ပိုရေးရှင်းနဲ့ ညှိလို့ အထူးထပ်လျှော့တာက ကျပ်တစ်သောင်းဆို ဈေးပွဲတော်မှာရောင်းဈေးက ကျပ်ရှစ်သောင်းနဲ့ရောင်းမယ်၊ ဈေးပွဲတော်ပြီးသွားရင်တော့ ကျွန်တော်တို့လျှော့နိုင်တာပဲ လျှော့မှာဖြစ်လို့ ကျပ်ကိုးသောင်းဖြစ်မယ်။ ဒါ့အပြင် အနိမ့်ဆုံး ၂၀ရာခိုင်နှုန်းကနေ တချို့ပစ္စည်းတွေဆို ၅၀ရာခိုင်နှုန်းအထိ ဈေးလျှော့ပေးသွားဖို့ ရှိပါတယ်"ဟု ပြောကြားသည်။

လေ့လာကြည့်ရှု

မိမိတို့ သတင်းအဖွဲ့သည် လာမည့် ဈေးပွဲတော်အတွင်း ပြသရောင်းချမည့် ရေခဲသေတ္တာ၊ Air Con, TV, DVD အပါအဝင် အီလက်ထရွန်နစ် ပစ္စည်းများကို Show Room အတွင်း နတ်ကရာကျီးမော့ လှည့်လည်လေ့လာ ကြည့်ရှုနေမိပါသည်။ ဒေဝူး အီလက်ထရွန်နစ်ပစ္စည်းများ၏ အားသာချက်ကို လိုက်လံရှင်းလင်းပြသရင်း ဦးဇော်ဝိတ်က ဈေးပွဲတော်၏ ထူးခြားချက်အစီအစဉ်တစ်ရပ်ကို ဆက်လက်ရှင်းပြရာတွင် "စားသောက်ဆိုင်တွေ၊ ဟိုတယ်၊ မိုတယ်၊ ဆေးရုံ၊ ဆေးခန်းလုပ်ငန်းရှင်တွေအတွက် အရေအတွက် အနည်းအများအပေါ် မူတည်ပြီး သီးသန့်ဈေးနှုန်းများနဲ့ ရောင်းချပေးမယ့်အပြင် ငွေပေးချေမှုမှာလည်း လုပ်ငန်းရှင်ရဲ့ အခြေအနေအပေါ်မူတည်ပြီး ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒေဝူးရေခဲသေတ္တာတွေထဲမှာ Side by Side နှစ်ဖက်ဖွင့် ရေခဲသေတ္တာကြီးတွေက အရည်အသွေး အတော်မြင့်ပါတယ်။

ရေခဲတုံးလေးတွေ၊ ရေခဲမှုန်လေးတွေ ထုတ်တာ၊ ရေသန့်စက် သီးခြားပါတာတွေ စသဖြင့် လုပ်နိုင်တဲ့ Function တွေ အတော်များပါတယ်။ ငွေကြေးတတ်နိုင်သူတွေအနေနဲ့ ဒီရေခဲသေတ္တာကြီးတွေ သုံးချင်ပေမယ့် အိမ်မှာလဲ လက်ရှိသုံးနေတဲ့ ရေခဲသေတ္တာက ရှိနှင့်ပြီးဖြစ်တော့ နေရာမရှိတာတို့၊ ငွေအပိုကုန်မှာတို့ကြောင့် ဝေခွဲမရဖြစ်နေရင် ဈေးပွဲတော်မှာ ကျွန်တော်တို့နဲ့ လာဆက်သွယ်ပါ။ လက်ရှိသုံးနေတာသာ မှန်ပါစေ၊ ဈေးဖြတ်ပြီး လဲလှယ်ပေးဖို့ စီစဉ်ထားပါတယ်။ လဲမယ့်ပစ္စည်း ယူလာဖို့ မလိုအပ်ပါဘူး။ ကျွန်တော်တို့ အင်ဂျင်နီယာတွေက သွားရောက်စစ်ဆေးပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

တစ်ဆက်တည်းမှာပင် ကုမ္ပဏီ၏ တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးအောင်ကလည်း ဒေဝူးနှင့် HQ အမှတ်တံဆိပ် ပစ္စည်းများ အရည်အသွေးနှင့် ဝန်ဆောင်မှု အာမခံချက်များနှင့် စပ်လျဉ်း၍ "ဈေးပွဲတော်မှာ ရောင်းချမယ့် ပစ္စည်းအားလုံးဟာ တရားဝင်တင်သွင်းထားတဲ့ ပစ္စည်းများဖြစ်ပါတယ်။ အားလုံး အာမခံနဲ့ ရောင်းတာပါ။ ဝန်ဆောင်မှု အာမခံချက်ကိုလည်း ပစ္စည်းအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမှာပါ။ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ TV တို့ဆိုရင် သုံးနှစ်အာမခံ၊ DVD ဆိုရင် တစ်နှစ်အာမခံပေးထားပါတယ်။ Service Centre တွေကိုလည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ ဖွင့်ထားပါတယ်။ ကျွန်တော်တို့ပစ္စည်းတွေကို ကိုယ်စားလှယ်ယူပေးတဲ့ အရောင်းဆိုင်တွေကနေတစ်ဆင့် ဆက်သွယ်ရင်လဲ ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားပါမယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်များကို ဈေးကွက် သတင်းမြင်ကွင်းအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

OK Myanmar Co.,Ltd. ၏ နွေဦးအကြို ဒေဝူးဈေးရောင်းပွဲတော်အတွင်း ပြသရောင်းချမည့် အီလက်ထရွန်နစ် ပစ္စည်းများနှင့်ပတ်သက်၍ OK Myanmar Co.,Ltd. ဒါရိုက်တာ ဦးဇော်ဝိတ် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

OK Myanmar Co.,Ltd. ၏ နွေဦးအကြို ဒေဝူးဈေးရောင်းပွဲတော်အတွင်း ပြသရောင်းချမည့် အီလက်ထရွန်နစ်ပစ္စည်းများကို ဤသို့တွေ့ရသည်။

(သတင်းစဉ်)

ကျေးဇူးဆပ်ပါမည်

ဦးမောင်ငယ်ပိုင် ယာဉ်အမှတ် ၅ခ/ ၄၀၁၈၏ အခွန်ပုံစံ(၁) အစိမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀-၀၈၈၉၅။



၁၉၇၈ခုနှစ်နှင့် ၁၉၇၉ခုနှစ် B.Ag ဘွဲ့ရကျောင်းသားကျောင်းသူများ၏ ဆရာဆရာမကြီးများအား ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာ

၁၉၇၈ခုနှစ်နှင့် ၁၉၇၉ခုနှစ် B.Ag ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ ဆရာဆရာမကြီးများအား ဂါရ၀ပြုကန်တော့ပွဲကို ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားရတုခန်းမ၌ ၁၆-၁-၂၀၀၈ရက်ညနေ ၆နာရီမှ စတင်ကျင်းပမည်။ အားလုံးတက်ရောက်ပါရန် ရင်းနှီးစွာ ဖိတ်ခေါ်ပါတယ်။ ရန်ကုန်မှ ၁၆-၁-၂၀၀၉ရက် နံနက်၆နာရီ ကြို့ကုန်း OPEC ရုံးရှေ့မှ စထွက်မယ်။ လိုက်ပါနိုင်သူများကို ဦးဇော်မြင့် ဖုန်း-၀၁-၂၉၆၈၉၉ နဲ့ ဆက်သွယ်ပါရန်။ ကျောင်းသားဟောင်းများအတွက် မြန်န္တာဆောင်၌ တည်းခိုရန် စီစဉ်ထားပြီး အိပ်ရာလိပ်များယူဆောင်လာကြပါရန်။

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၄)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ

အမိပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ကျေးဇူးကို အထူးသိစွာ ဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ၃၁ရက် (စနေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ကျေးဇူးရှင်မြတ်ဆရာတို့နှင့် ကျောင်းနေဘက် ငယ်ပေါင်းမိတ်ဆွေများ ကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံ ကုသိုလ်ယူပွဲသို့ ကြွရောက်ပါရန် ကြိုတင်ဖိတ်ကြား နိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (၁) ဒေါက်တာလွင်လွင်စိုး (ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်)ဖုန်း-၅၀၃၉၀၄၊ (၂) ဦးဝင်းကို[ညွှန်ကြားရေးမှူး (ပညာ)၊ အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်)] ဖုန်း-၅၀၃၁၄၇၊(၃)ဦးအုန်းမြင့် [ကျောင်းအုပ်ကြီး (ငြိမ်း)]ဖုန်း-၀၉-၈၀-၂၄၁၉၄၊ (၄)ဒေါ်တင်တင်ရှ [ဒုတိယညွှန်ကြားရေးမှူး (သင်ရိုး)၊DEPT] ဖုန်း-၅၅၇၃၀၉၊ (၅) ဦးအေးကြိုင် [ဒုတိယညွှန်ကြားရေးမှူး(စစ်ဆေးရေး)၊ ဦးစီး-၁]ဖုန်း-၅၅၇၆၄၃၊ ၀၉-၈၅-၀၀၄၇၉၊ (၆) ဦးအောင်လွင် [လ/ထ ညွှန်ကြားရေးမှူး၊ ဦးစီး-၁] ဖုန်း-၅၄၈၉၇၉၊ (၇)ဦးကျော်ကျော် [ဒုတိယညွှန်ကြားရေးမှူး၊ ဦးစီး-၂]ဖုန်း-၀၂-၆၆၄၀၁၊ (၈) ဦးကျော်ဝင်းမြင့်[လ/ထ ညွှန်ကြားရေးမှူး၊ ဦးစီး-၃] ဖုန်း-၂၁၂၉၆၉၊ Ex-203၊ (၉) ဒေါ်ကြူကြူရွှေ [ဦးစီးအရာရှိ၊ ဦးစီး-၃] ဖုန်း-၅၅၄၉၆၄ (အိမ်)၊ (၁၀) ဦးရှိန်းလန်းအောင် [မြို့နယ်ပညာရေးမှူး သဃ်န်းကျွန်းမြို့နယ်] ဖုန်း-၅၆၄၂၃၁၊ (၁၁) ဒေါ်ခင်စန်းမြင့် [ကျောင်းအုပ်ကြီး၊ အထက-၂၊ တာမွေ] ဖုန်း-၅၄၂၁၇၊ (၁၂) ဒေါ်ခင်သန်းထွေး [အထပြ(ငြိမ်း)]ဖုန်း-၂၉၃၃၆၃။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၉) ဖြင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ချီးမြှင့်ဂုဏ်ပြုခြင်းခံရသော ဒေါ်တင်နု(ရုပ်ပျိုတိုင်းရင်းဆေး၊ ရွှေဘိုမြို့)အား လှိုက်လှဲစွာ ဝမ်းသာဂုဏ်ယူကြပါကြောင်း။

ရုပ်ပျိုတိုင်းရင်းဆေးဝန်ထမ်း မိသားစုနှင့် ကိုယ်စားလှယ်များ။

ထိုးဖောက်ကစား

ကမ္ဘောဇမှ အောင်ကျော်ဦးနှင့် အောင်မျိုးတို့ မြန်မာ့မီးရထား နောက်တန်းကို ထိုးဖောက်ကစားစဉ်။ (မြန်မာ့အလင်း)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉) ဖြင့် ဦးနန္ဒအား သုဓမ္မမဏိဇောတရဘွဲ့တံဆိပ်ချီးမြှင့် ပေးအပ်သည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါရခါးဟိန္ဒူဓမ္မအဖွဲ့ခွဲ၊ ရန်ကုန်
သျှရီရာမဂျာနကီ ဘုရားကျောင်းကော်မတီ၊ ရန်ကုန်
အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်
လူငယ်ရေးရာအဖွဲ့ (ယုဝ)၊ ရန်ကုန်
နေပါလီယဉ်ကျေးမှု အနုပညာအဖွဲ့၊ ရန်ကုန်။

မြန်မာလိဂ် (အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲ သစ်တောရေးရာအသင်း ထိပ်ဆုံးသို့ရောက်လာ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ- ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇ အသင်းနှင့် သစ်တောရေးရာအသင်းတို့ နိုင်ပွဲများ ရရှိသွားတယ်။

အောင်ဆန်းကွင်း

ကမ္ဘောဇ - တစ်ဂိုး
မြန်မာ့မီးရထား - ဂိုးမရှိ

ပြိုင်ပွဲ၌စကတည်းက ရလဒ်မကောင်းခဲ့တဲ့ ကမ္ဘောဇအသင်းကတော့ တတိယမြောက်ပွဲစဉ်မှာ လယ်ယာ/ ဆည်မြောင်းကို အနိုင်ယူပြီး နိုင်ပွဲစရခဲ့သလို အခုပွဲမှာလည်း မြန်မာ့မီးရထားကို ထပ်မံအနိုင်ယူပြီး နိုင်ပွဲဆက်ခဲ့ပါတယ်။ ကမ္ဘောဇ အသင်းကို ဒုတိယမြောက်နိုင်ပွဲရစေခဲ့သူကတော့ အောင်မိုးဖြစ်ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းကတည်းက သွင်းယူခဲ့တာ ဖြစ်ပါတယ်။ သုံးပွဲဆက်တိုက် သရေကျထားတဲ့ မြန်မာ့မီးရထားအသင်းဟာ အရှုံးဂိုးကို မချေပနိုင်တာကြောင့် ပထမဦးဆုံး ရှုံးပွဲနဲ့ စတင်ရင်ဆိုင်ခဲ့ရတယ်။

သုဝဏ္ဏကွင်း

သစ်တောရေးရာ - လေးဂိုး
ဆက်သွယ်ရေး - တစ်ဂိုး

သစ်တောရေးရာ အသင်းဟာ ဆက်သွယ်ရေးကို ဂိုးပြတ်သွင်းယူပြီး အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်ရှိသွားပါတယ်။ သစ်တောဟာ ဘဏ္ဍာ/ အခွန်၊ စွမ်းအင်တို့နဲ့အတူ လေးပွဲကစား ရှစ်မှတ်ရရှိထားပြီး ဂိုးကွာခြားချက်နဲ့ ဇယားထိပ်ဆုံးကို ရောက်ရှိသွားတာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးကတော့ လေးပွဲကစား လေးပွဲရှုံးဖြင့် ဇယားအောက်ဆုံးကို ရောက်ရှိသွားခဲ့ပါတယ်။

ယနေ့ပွဲ

အောင်ဆန်းကွင်း

စီးပွား/ကူးသန်း-ပို့ဆောင်ရေး

သုဝဏ္ဏကွင်း

ကာကွယ်ရေးဝန်ကြီးဌာန- မြို့တော်စည်ပင်

(မြန်မာ့အလင်း)

မန္တလေး မဟာအောင်မြေမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၃

မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သန်လျက်မှော်အရှေ့ရပ်ကွက် ၈၉လမ်း X လမ်း၉၀နှင့် ၄၁လမ်းထောင့်ရှိ (၃ ပင် X ၂ခန်း) ပတ်လည်ဝါးကပ်မိုး၊ထရံကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်၌ ဇန်နဝါရီ ၁၂ရက် ည၁၁နာရီ မိနစ်၂၀က ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားရာ ည၁၁နာရီ မိနစ်၅၀တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုလေးစုမှ အမျိုးသား၁၁ဦး၊ အမျိုးသမီး ၁၃ဦးတို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း သတင်းရရှိခဲ့သည်။ **(သတင်းစဉ်)**



ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စကော့တလန်မာရသွန်အပြေးသမား လီမွန်စီရီ ကမ္ဘာ့စံချိန်တင်မည်

လန်ဒန် ဇန်နဝါရီ ၁၃

စကော့တလန် မာရသွန်အပြေးသမား အင်ဒရူးလီမွန်စီရီက ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲ၌ ကမ္ဘာ့စံချိန်ချိုးပြီး ရွှေတံဆိပ်ရယူရန် ယခုမှစတင်ကာ လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၂ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

ပါဝင်ယှဉ်ပြိုင်မည်

ဇန်နဝါရီ ၁၂ရက်က ကျင်းပခဲ့သော စကော့တလန် မာရသွန်ပြိုင်ပွဲ၌ အကောင်းဆုံး စံချိန်ဖြင့်ပြေးကာ ပထမရရှိခဲ့သော လီမွန်စီရီအနေဖြင့် မိမိသည် မကြာမီကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အသက် ၂၆နှစ်အရွယ်ရှိ လီမွန်စီရီသည် ပေကျင်းအိုလံပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်နှင့် လွဲချော်ခဲ့ရသော်လည်း မိမိအနေဖြင့် လက်ရှိ၌ အကောင်းဆုံးစံချိန်ရရှိထားကြောင်း၊ လက်ရှိတွင် ကြံ့ခိုင်မှု အကောင်းဆုံးအခြေအနေမရှိသဖြင့် ပုံမှန်အနေအထား ပြန်ရောက်အောင် ကြိုးစားကာ ကမ္ဘာ့စံချိန်တင်မည်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော် ပြောကြားသည်။

(အင်တာနက်)

အင် တာ နက် သ တင်း အ တို အ ထွာ

❖ *ပရီးမီးယားလိဂ်တွင် လီဗာပူးအသင်း တန်းစီဇယားထိပ်ဆုံးရောက်ရှိနေသော်လည်း ပရီးမီးယားလိဂ်ဖလားကို ရယူနိုင်ရန် မလွယ်ကူကြောင်း ဘာရာဇီး တိုက်စစ်မှူး ရော်နယ်ဒိုက ထုတ်ဖော်ပြောကြားလိုက်သည်။*

❖ ***ရီးရဲမက်ဒရစ်အသင်းအနေဖြင့် စီရိုနယ်ဒိုကို အရခေါ်ယူရေး ကြိုးစားတော့မည် မဟုတ်သော်လည်း ပြောင်းရွှေ့လိုသော ဆန္ဒရှိပါက အမြဲတံခါးဖွင့်ထားကြောင်း ရီးရဲမက်ဒရစ်ကလပ် တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။***

❖ *ယခုနှစ်၌ စီးရီးအေဖလား ရယူရေးအတွက် စိတ်ပူပင်စရာ မလိုသော်လည်း ချန်ပီယံလိဂ်ဖလား ရရှိရေးကိုမူ ခက်ခက်ခဲခဲ ဖြတ်သန်းရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မန်ယူအသင်းကို အနိုင်ရယူရေးသည် ပထမဆုံး အရေးကြီးသည့် ခြေလှမ်းပင်ဖြစ်ကြောင်း အင်တာမီလန်နည်းပြ မော်ရင်ဟိုက မန်ယူနှင့် ချယ်လ်ဆီးပွဲကို ကြည့်အပြီး ပြောကြားခဲ့သည်။*

❖ ***မန်ယူအသင်း ပရီးမီးယားလိဂ် ချန်ပီယံကာကွယ်ရေးမှာ အိပ်မက်မဟုတ်တော့ကြောင်း မန်ယူတိုက်စစ်မှူးရွန်နေက ချယ်လ်ဆီးကို ဂိုးပြတ်အနိုင်ရရှိပြီးနောက် ထုတ်ဖော်ပြောကြားသည်။***

ပရီးမီးယားလိဂ်ဒိုင်လူကြီးများ၏ အနီကတ်များ

✍ **မောင်မောင်မြင့်ဆွေရေးသားတင်ပြပြီး ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့သည်**

လန်ဒန် ဇန်နဝါရီ ၁၃

၂၀၀၈-၂၀၀၉ ပရီးမီးယားလိဂ်ဘောလုံးရာသီရဲ့ ပွဲစဉ်တွေ ထက်ဝက်ကျော်ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ပရီးမီးယားလိဂ်ဖလားရရှိဖို့အတွက် ထိပ်တန်းအသင်းကြီးတွေ အပြိုင်အဆိုင်ကြိုးစားနေချိန်ဖြစ်တာမို့ အမှားအယွင်းလုံးဝမခံနိုင်တဲ့အခြေအနေကို ရောက်ရှိနေချိန် ဖြစ်ပါတယ်။

ပရီးမီးယားလိဂ်ပွဲစဉ်တွေဟာ ပြိုင်ဆိုင်မှုပြင်းထန်တာမို့ နည်းပြတွေအပါအဝင် ဘောလုံးသမားတွေဟာ စွမ်းအားအပြည့်အဝအသုံးပြုပြီး ပြိုင်နေကြတာမို့ ကစားသမားတွေအနေနဲ့ အမှားအယွင်းတွေ ဖြစ်ပေါ်ကောင်းဖြစ်ပေါ်တတ်ကြတာပါပဲ။ ဒါပေမယ့် နိုင်လိုစိတ် ပြင်းထန်နေတဲ့အချိန်မှာ ကစားနေရတဲ့ ဘောလုံးသမားတွေဟာ မိမိကဖောနဲ့တမင်တကာ မလုပ်ပေမယ့် အမှားအယွင်းတွေ ဖြစ်တတ်သလို တမင်ရည်ရွယ်ချက်နဲ့ အမှားအယွင်းတွေ ပြုလုပ်တတ်ပါတယ်။



အရေးပါ

ဘောလုံးပွဲတစ်ပွဲအနိုင်ရဖို့ဆိုတာ နည်းပြနဲ့ ဘောလုံးသမားတွေအရေးကြီးသလို အဲဒီပြိုင်ပွဲကို ကြီးကြပ်တဲ့ ကွင်းလယ်ဒိုင်လူကြီးတွေရဲ့ အခန်းကဏ္ဍကလည်း အဓိကကျတဲ့နေရာမှာ ပါဝင်နေပါတယ်။ ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးတွေ ထိပ်တိုက်ဆုံတွေ့တဲ့ပွဲတွေဆိုရင် ဒိုင်လူကြီးတွေရဲ့ ဆုံးဖြတ်ချက်ဟာ တကယ့်ကို အရေးပါတော့တာပါပဲ။

ကွင်းလယ်ဒိုင်လူကြီး

ပရီးမီးယားလိဂ်မှာ လက်ရှိကွင်းလယ်ဒိုင်လူကြီးအဖြစ်တာဝန်ယူတာ စုစုပေါင်း ၁၈ဦးရှိပါတယ်။ သူတို့တွေကတော့ မိုက်ရီလေ (**ယာအပေါ်**)၊ မိုက်ဒန်၊ မာရီနာ၊ ဟိုဝပ်ဒ်ဝက်ဘ်၊ စတိဗ်ဘင်နက်၊ မိုက်ကယ် ဂျုန်းစ်၊ ခရစ်ဖော၊ လီမာဆင်၊ စတိဗ်တန်နာ၊ ရို့ဘ်စတိုင်စ်၊ ဖီလ်ဒေါ့ဒ်၊ မာတင် အက်ကင်ဆန်၊ စထရုပ်ဒ်၊ အလန်ဝီလေ၊ ပီတာဝေါတန်၊ လီပရိုဘတ်၊ အက်ဝယ်လ်နဲ့ မက်ဟယ်လ်ဆေးတို့ပဲ ဖြစ်ပါတယ်။

အဲဒီဒိုင်လူကြီးတွေအားလုံးထဲမှာ အနီ၊ အဝါကတ်တွေစုစုပေါင်းအများဆုံး အသုံးပြုခဲ့သူကတော့ ကွင်းလယ်ဒိုင်လူကြီး မိုက်ရီလေဖြစ်ပြီး သူကိုင်တွယ်ခဲ့တဲ့ ပရီးမီးယားလိဂ် ပွဲပေါင်း ၁၄ပွဲမှာ အနီခြောက်ကတ်၊ အဝါ ၆၁ကတ်ဖြစ်တာမို့ ဘောလုံးပွဲတစ်ပွဲကို ပျမ်းမျှ ၄ ဒသမ ၅၇ကတ်နှုန်း အသုံးပြုခဲ့တယ်လို့ ဆိုပါတယ်။ ဘောလုံးသမားတွေ စောဒကတက်ရင်လည်း အဝါကတ်ပြဖို့ ဝန်မလေးတဲ့ ကွင်းလယ်ဒိုင်လူကြီးတစ်ဦး ဖြစ်ပါတယ်။

အနီကတ်၊ အဝါကတ် ဒုတိယအများဆုံးထုတ်သုံးခဲ့တဲ့ ကွင်းလယ်ဒိုင်လူကြီးကတော့ မိုက်ဒန်ဖြစ်ပါတယ်။ ဒိုင်လူကြီးမိုက်ဒန်ဟာ ပရီးမီးယားလိဂ်ပွဲပေါင်း ၁၆ပွဲကိုင်တွယ်ခဲ့တဲ့နေရာမှာ အနီကတ် ငါးကတ်၊ အဝါကတ် ၆၀ အသုံးပြုခဲ့တာမို့ တစ်ပွဲကိုပျမ်းမျှ အနီကတ်၊ အဝါကတ်၄ဒသမ၂၅ကတ်နှုန်း အသုံးပြုခဲ့တယ်လို့ ဆိုပါတယ်။ မိုက်ဒန်ဟာ ဘောလုံးသမားတွေ ဖြစ်မှုကျူးလွန်ရင် လက်ထဲ အဝါကတ်ကိုင်ပြီး ပြေးလာတတ်တဲ့ ဒိုင်လူကြီးအဖြစ် နာမည်ကြီးသူဖြစ်ပါတယ်။

ထုတ်သုံး

တတိယမြောက် အနီကတ်၊ အဝါကတ် အသုံးပြုတဲ့ ကွင်းလယ်ဒိုင်လူကြီးကတော့ မာရီနာဖြစ်ပြီး ပရီးမီးယားလိဂ်ပွဲပေါင်း ၁၃ပွဲမှာ အနီလေးကတ်နဲ့ အဝါ ၄၈ကတ် ထုတ်သုံးခဲ့ပါတယ်။ တစ်ပွဲချင်းအလိုက် အနီကတ်၊ အဝါကတ် ပျမ်းမျှ လေးကတ်နှုန်း အသုံးပြုတဲ့ ဒိုင်လူကြီး ဖြစ်ပါတယ်။

ဒါကြောင့် ဒီနှစ်ပရီးမီးယားလိဂ် ပွဲစဉ် ၂၁ အပြီးမှာ မန်ယူအသင်းမှာ စီရိုနယ်ဒိုနဲ့ ဗီဒစ်တို့ အနီ တစ်ကတ်စီထိထားခဲ့ပြီး ရွန်နေက အဝါခြောက်ကြိမ်နဲ့ အီဗရာက အဝါငါးကြိမ်အပြခံထားရပါတယ်။ ချယ်လ်ဆီးမှာ တယ်ရီအနီကတ်တစ်ကြိမ်ထိထားသလို အဝါကတ်လည်း လေးကြိမ်အထိ ပြခံထားရပါတယ်။ လီဗာပူးမှာကတော့ ဒီနှစ် အနီကတ်ပြခံရတဲ့ ကစားသမား မရှိသေးပေမယ့် အဝါကတ်အနေနဲ့အာဘီလိုရာ ခြောက်ကြိမ်နဲ့ ဂျရတ်က သုံးကြိမ် အပြခံထားရပါတယ်။ အာဆင်နယ်မှာလည်း ဗန်ပါစီနဲ့ အဒီဘာယောတို့ တစ်ကြိမ်စီ အနီကတ်ထိထားပြီး ဖာဘရီဂတ်စ်က အဝါငါးကြိမ် အပြခံထားရပါတယ်။

ဘယ်လိုထိန်းသိမ်း

အသင်းမှာ အဓိကကျတဲ့ ကစားသမားတွေကို အနီကတ်ပြပြီး ကွင်းပြင်ထုတ်တဲ့ ကိစ္စဟာ ဘောလုံးပွဲရလဒ်ကို ပျက်စေပြီး အသင်းကို ထိခိုက်စေတာကြောင့် ဒိုင်လူကြီးတွေ အနီကတ်အသုံးပြုခွင့်နဲ့ ပတ်သက်ပြီး အက်ဖ်အေက သုံးသပ်စဉ်းစားနေပြီလို့ ဆိုပါတယ်။ ဒီကိစ္စ အကောင်အထည်ပေါ်လာရင် အနီကတ်၊ အဝါကတ်တွေကို လှိုင်လှိုင်ထုတ်သုံးနေတဲ့ ကွင်းလယ်ဒိုင်လူကြီးတွေအနေနဲ့ ပြိုင်ပွဲကို ဘယ်လိုထိန်းသိမ်းကြမယ်ဆိုတာ စောင့်ကြည့်အကဲခတ်ရမှာပဲ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ရုရှားတင်းနစ်အကျော်အမော် ရှာရာပိုဗာ ဩစတြေးလျအိုးပင်း ပြိုင်ပွဲနှင့်လွဲချော်မည်

လန်ဒန် ဇန်နဝါရီ ၁၃

ရုရှားတင်းနစ်အကျော်အမော် ရှာရာပိုဗာသည် ပခုံးတွင် ဒဏ်ရာရရှိထားမှုကြောင့် ၎င်း၏ချန်ပီယံသရဖူကာကွယ်ရမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် လွဲချော်မည်ဖြစ်ကြောင်းသတင်း၌ ဖော်ပြသည်။

မသေချာတော့

အသက် ၂၁နှစ်ရှိ ရှာရာပိုဗာသည် ၎င်း၏ပခုံးကို ခွဲစိတ်မှုပြုလုပ်ခဲ့ရာတွင် ပြန်လည်ကြံ့ခိုင်ရန် မျှော်လင့်သည်ထက်ကြာမြင့်နေခဲ့ပြီး ၎င်း၏သရဖူကာကွယ်ရမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်နိုင်ရေးမှာ မသေချာတော့ဟု ဆိုသည်။

ပြီးခဲ့သည့်သီတင်းပတ်အနည်းငယ်က လေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့သော်လည်း ၎င်း၏ပခုံးပြန်ကောင်းလာအောင် ကြိုးစားနေရဆဲပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည့် ထိပ်တန်းလက်ရည်ကို ပြန်လည်ရရှိရန် လိုအပ်ဆဲပင်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

၂၀၀၉ခုနှစ် ဂရင်းဆလမ်းပြိုင်ပွဲကို ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဇန်နဝါရီ ၁၉ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

(အင်တာနက်)

မန်ယူအား ချယ်လ်ဆီးတို့ အပြတ်အသတ်ရှုံးနိမ့်ခဲ့မှု မျှော်လင့်ချက်ထိခိုက်သော်လည်း ပွဲမပြီးသေးဟု စကိုလာရီဆို

လန်ဒန် ဇန်နဝါရီ ၁၃

ချယ်လ်ဆီးနည်းပြ စကိုလာရီက မန်ယူအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့မှုသည့် ချယ်လ်ဆီးအသင်း၏သရဖူရရှိရေး မျှော်လင့်ချက်ကို ထိခိုက်စေခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ သို့သော်လည်း ပြိုင်ပွဲမှာ ပြီးဆုံးရန်အချိန်ကာလလိုသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြန်လည်ယှဉ်ပြိုင်

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ချန်ပီယံသရဖူရရှိရေးအတွက် မှတ်ကျောက်တင်နိုင်ခဲ့ခြင်းမရှိသည့်အပြင် ဇန်နဝါရီ ၁၄ရက်(ယနေ့)တွင် အက်ဖ်အေဖလားအတွက် ဆောက်အန်းနှင့် ပြန်လည်ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်၌ ရရှိမည့် ရလဒ်သည်လည်း နည်းပြစကိုလာရီ၏ ကစားကွက်ခင်းကျင်း စီမံခန့်ခွဲမှုပေါ်တွင် အဓိက မူတည်နေသည်ဟုဆိုသည်။

(အင်တာနက်)

ဂရိတ်အီဒင်ဘတ် နိုင်ငံဖြတ်ကျော် အပြေးပြိုင်ပွဲ ဗြိတိသျှအပြေးမယ် စတက်ဖနီတွဲလ် စတုတ္ထရရှိ



လန်ဒန် ဇန်နဝါရီ ၁၃

ဂရိတ်အီဒင်ဘတ် နိုင်ငံတကာဆိုင်ရာ နိုင်ငံဖြတ်ကျော် အမျိုးသမီးအပြေးပြိုင်ပွဲတွင် ဗြိတိသျှအပြေးမယ် စတက်ဖနီတွဲလ်သည် တာထွက်ကောင်းခဲ့သော်လည်း ကင်ညာအပြေးမယ် လီနက်မာဆိုင်၏နောက် စတုတ္ထနေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ပြိုင်ပွဲဝင်

မကြာသေးမီက ဝါရင့်အပြေးမယ်များအား ဖြတ်ကျော်တက်နိုင်ခဲ့သူ အသက် ၁၉နှစ်ရှိ တွဲလ်သည် အကောင်းဆုံး ကြိုးစားကာ ပြိုင်ပွဲဝင်ခဲ့သော်လည်း မာဆိုင်၏ ခြေလှမ်းကို ယှဉ်ပြိုင်အနိုင်ယူခြင်းငှာ မစွမ်းသာခဲ့ချေ။

အသက် ၁၉နှစ်ရှိ မာဆိုင်သည် အမျိုးသမီး ၅ ဒသမ ၆ ကီလိုမီတာပြိုင်ပွဲတွင် ၁၉ မိနစ် ၂ စက္ကန့်ဖြင့် ပန်းဝင်ကာ ၎င်း၏ ပြိုင်ဘက်အား ပန်းဝင်ချိန် ၁၁စက္ကန့်မျှ ဖြတ်ထားနိုင်ခဲ့သည်။

ဆက်လက်ကာကွယ်နိုင်

တံကောက်ခွက်ဒဏ်ရာမှ သက်သာလာကာ ကြံ့ခိုင်မှုပြည့်ဝလာသော ဗြိတိသျှအပြေးသမား အန်ဒီဘက်ဒီလေသည် ၎င်း၏ လေးကီလိုမီတာ အပြေးချန်ပီယံ သရဖူကို ဆက်လက်ကာကွယ်နိုင်ခဲ့သည်။

(အင်တာနက်)

ကစားသမားကောင်းများအား ဆက်ထိန်းထားလို ဝက်စ်ဟမ်းနည်းပြဇိုလာ ဖွင့်ဟဝန်ခံ

လန်ဒန် ဇန်နဝါရီ ၁၃

ဝက်စ်ဟမ်းအသင်းအနေဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် ကစားသမားများကို မဖြစ်မနေ ရောင်းချရမည်ဆိုသည်မှာ ထင်ကြေးများသာဖြစ်ကြောင်း ဝက်စ်ဟမ်းနည်းပြ ဇိုလာက ပြောကြားခဲ့သည်။

ဝက်စ်ဟမ်းအသင်းပိုင်ရှင် ဘီဂျော်ဂေါ့ဖာဂတ်မန်ဆန်၏ ဘဏ်ကို ပြီးခဲ့သည့် ၂၀၀၈ အောက်တိုဘာလက ပစ္စည်းထိန်း၏ လက်ဝယ်သို့ အပ်လိုက်ရပြီးနောက် ဝက်စ်ဟမ်းအသင်းသည် ဘဏ္ဍာရေးပြဿနာများနှင့် ရင်ဆိုင်နေရသည်။

ဖွင့်ဟဝန်ခံ

ခရစ်ဘယ်လာမီ၊ စကော့ပါကာနှင့် မက်သရူးအပ်ဆန်တို့ကို အသင်းအချို့က ခေါ်ယူရန် ဆက်သွယ်လျက်ရှိသည်ဟု ဆိုသည်။ သို့သော်လည်း ဇိုလာက မိမိတို့အနေဖြင့် အသင်း၏အကောင်းဆုံး ကစားသမားများအား ရောင်းချလိုသည်မှာ မမှန်ကန်ကြောင်း၊မိမိအနေဖြင့် ကစားသမားကောင်းများအား အသင်းတွင် ဆက်လက်ထိန်းသိမ်းထားလိုသည့် ဆန္ဒရှိကြောင်း ဇိုလာက ဖွင့်ဟဝန်ခံပြောကြားသည်။

(အင်တာနက်)

ပြင်ဆင်ဖတ်ရှုပါရန် — ဇန်နဝါရီ ၁၀ရက်၌ ဖော်ပြခဲ့သော အားကစားဆောင်းပါး၌ ဒေးဗစ်ဘက်ခမ်းသည်ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးသမားသာဖြစ်ပါကြောင်း ပြင်ဆင်ဖော်ပြအပ်ပါသည်။

ချစ်စိုးနိုင် စုစည်းတင်ပြသည်

THREE FRIENDS CONSTRUCTION CO., LTD.

ကြည်ညိုသဒ္ဓါပူဇော်ဖူးမြော်နိုင်သည်

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးတွင် တည်ထားလှူဒါန်းမည့် ၄က်မြတ်နားတော်၊ စိန်ဖူးတော်ကလပ်တို့ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီရက် ထီးတော်တင်ပွဲအမီ အိန္ဒိယနိုင်ငံသို့ မပင့်ဆောင်မီ မြန်မာနိုင်ငံအရပ်ရပ်မှ အလှူရှင်ပြည်သူလူထုအားလုံး ပူဇော်ကြည်ညိုသဒ္ဓါပူဇော်ဖူးမြော်နိုင်ရန်ရည်ရွယ်၍၂၅-၉-၂၀၀၈ရက်မှ ၃-၁-၂၀၀၉ရက်အထိ ရွှေတိဂုံရင်ပြင်တော် ဒေါ်စောမြ တန်ဆောင်းတွင် ရင်ငွေ့တော်လှူံအပူဇော်ခံထားရှိပြီး ဖြစ်ပါသည်။ယခုအခါ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏၄က်မြတ်နားတော်၊ စိန်ဖူးတော်ကလပ်တို့ကိုကျောက်မျက်စီခြယ်ခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နေဆဲကာလ ဖြစ်ပါသဖြင့် ပြီးဆုံးပြီးအခြေအနေအထိ အများပြည်သူလူထုအားလုံး လှူဒါန်းထားသော ရွှေငွေ၊ကျောက်မျက်ရတနာများအား ကြည်ညိုသဒ္ဓါပူဇော်ဖူးမြော်နိုင်ရန် ၃-၁-၂၀၀၉ရက်မှ ၃၁-၁-၂၀၀၉ရက်အထိ အမှတ်၇၅ ရွှေဘုံသာ (အောက်) ပန်းဘဲတန်းမြို့နယ် ဖုန်း-၂၄၅၂၀၁၊ ၂၅၃၆၀၁တွင် ဆက်လက်အပူဇော်ခံမည်ဖြစ်ကြောင်းနှင့် လှူဒါန်းလိုသော သဒ္ဓါကြည်လင် သူတော်ကောင်း အပေါင်း လာရောက်လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ကျွန်မတို့၏သားဖြစ်သူ မောင်ဇင်လင်းကျော် ၁၂/သလန(နိုင်) ၀၈၃၀၅၆သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။၎င်းနှင့်ပတ်သက်သောကိစ္စအဝဝ ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်- ဦးအောင်ကျော်ဦး ၁၄/ကခန(နိုင်)၀၅၇၉၁၂၊
မိခင်- ဒေါ်တင်ထွား ၁၄/ကခန(နိုင်)၀၅၇၉၁၁။

FAME GANOCAN လင်ဇီဆေးတောင့်

စမ်းချောင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ် စာစီစာကုံးပြိုင်ပွဲ(တိုင်းအဆင့်) ဒုတိယဆုရရှိသော စတုတ္ထတန်းကျောင်းသူ မရွှန်းအိသွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထွေးက ဆုပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

နံ့ရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ သံတွဲ၌ကျင်းပ

သံတွဲ ဇန်နဝါရီ ၄

ရခိုင်ပြည်နယ် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဇီးကျွန်းကျေးရွာ စာကြည့်တိုက် ကော်မတီတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက် နံ့ရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီက အဆိုပါကျေးရွာ ဘဏ္ဍာတံခွန် စာကြည့်တိုက်၌ကျင်းပရာ ဇီးကျွန်းကျေးရွာ ဥက္ကဋ္ဌ ဦးမောင်မောင်ခင်က အမှာစကား ပြောကြားပြီးခရိုင်ဦးစီးအရာရှိ ဦးညိုအုန်းက သုတရသစာအုပ်၅၀ကို ကျေးရွာ စာကြည့်တိုက်သို့ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။ (ခရိုင် ပြန်/ဆက်)

ကလေးမြို့နယ် ဟဲဟိုးမြို့ လမ်းဘေးဝဲယာတွင် မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုကို ဒီဇင်ဘာ ၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ ရုံးခွဲတာဝန်ခံက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း

သေသူအလောင်းအား ဖျောက်ဖျက်ရန် ပင်လယ်သို့သယ်ဆောင်သွားသူများ ထောင်ဒဏ်ချမှတ်

ဖျာပုံ ဇန်နဝါရီ ၁၃

ချွန်းရေယာဉ်ပေါ်တွင် ဝိုင်းဝန်းထိုးကြိတ်ကန်ကျောက်ကြိုးတုပ်ထားရာမှရရှိသောဒဏ်ရာများဖြင့်သေဆုံးသွားပြီး သေသူအလောင်းအား ဖျောက်ဖျက်ရန် ပင်လယ်သို့ သယ်ဆောင်သွားသူများဖြစ်ကြသော ဖျာပုံမြို့နယ်အောက်ကွင်းစံပြကျေးရွာနေ အေးမင်း(ခ)အေးမင်းလှိုင် အသက်(၃၀)နှင့် ဖျာပုံမြို့ (၃)ရပ်ကွက်နေ သန်းစိုး(၃၈နှစ်)တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅အရ အလုပ်နှင့်ထောင်ဒဏ် လေးနှစ်စီကျခံစေရန် လည်းကောင်း၊ဖျာပုံမြို့(၁၈)ရပ်ကွက်စားထွေလမ်းနေ ကြွယ်ငွေး(ခ)မိုတ်တုတ် (၂၄နှစ်) အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅/ ၁၁၄အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်၊ ငရုတ်ကောင်းမြို့ သမ္ဗာန်လေးရွာနေ ကိုလင်း (၄၄နှစ်)၊ မြင့်ငွေး (၄၄နှစ်)၊ သာဆောင်(ခ) သောင်းမြင့် (၄၇နှစ်)တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁၊ ဒုတိယအပိုဒ်အရ အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်နှင့် ခြောက်လစီကျခံစေရန် လည်းကောင်း၊ တရားရုံးတွင် အမှုရင်ဆိုင်နေစဉ် မုန်တိုင်းတိုက်ခတ်ချိန် ဖျာပုံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်နေသော ဖျာပုံမြို့ ၁၈ရပ်ကွက် ဗိုလ်မင်းရောင်လမ်းနေ ကုန်သည်တရားခံ ဇာနည်(ခ) ဇာနည်အောင် (၂၈နှစ်)အား ဖျာပုံခရိုင်တရားရုံး၏ ရာဇသေး ၉/၀၈ဖြင့် ကျင့် ၈၇/၈၈အရ ကြေညာပြီး အမှုပိတ်ကြောင်း ဖျာပုံခရိုင် ဒုတိယခရိုင်တရားသူကြီး(၂)ရုံးတော်က ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၆ရက်က အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်

အမှုမှာ ၂၀၀၇ခုနှစ် နိုဝင်ဘာ၅ရက် နံနက်၈နာရီခန့်က ဖျာပုံမြို့ ၁၂ရပ်ကွက်နေ ဦးကြည်သိန်းသည် နေအိမ်တွင်ရှိနေစဉ် လွန်ခဲ့သော တစ်လခွဲကျော်ခန့်က အလုပ်လုပ်ရန် ထွက်သွားသော တူတော်သူ တင်လှိုင် အသက်(၄၀)မှာပြန်လည်ရောက်ရှိခြင်းမရှိဘဲ ၎င်းနှင့် အတူတူအလုပ်လုပ်သော ကြွယ်ငွေးမှာ ပြန်လည်ရောက်ရှိနေကြောင်း သိရသဖြင့် စုံစမ်းရာ ၂၀၀၇ခုနှစ် နိုဝင်ဘာ၃ရက် ည၉နာရီကျော်ခန့်တွင် ဖျာပုံမြို့ ၁၈ရပ်ကွက် ဗိုလ်မင်းရောင်လမ်းနေ ကုန်သည် ဇာနည်၊ အလုပ်သမားကြွယ်ငွေး၊ အေးမင်း၊ တူဖြစ်သူ တင်လှိုင်၊သန်းစိုးနှင့် ငရုတ်ကောင်းမြို့ သမ္ဗာန်လေးရွာနေ ချွန်းရေယာဉ်ပိုင်ရှင် ကိုလင်း၊ ၎င်းရွာမှ အလုပ်သမားလေးဦး စုစုပေါင်းကိုးဦးတို့သည် အခြားသားသစ်များ တင်ဆောင်၍ ချွန်းရေယာဉ်ဖြင့် မင်းဆိပ်ရွာဘက်မှ ပြန်လာကြစဉ် လမ်းခရီး၌ တူတော်သူ တင်လှိုင်မှာ အရက်များမူးယစ်ကာ ဆဲဆိုနေသဖြင့် ဇာနည်၊ အေးမင်း၊ သန်းစိုးတို့က ကြိုးနှင့်တုပ်၍ ရိုက်နှက်ခေါ်ဆောင်လာစဉ် ထိုည၁၁နာရီက ဖျာပုံမြို့နယ် အောက်ကွင်း စံပြကျေးရွာသို့ ရောက်ရှိသောအခါ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးသန့်ဇင်၊ နယ်မြေမှူး ကိုဟန်ဝင်းတို့က ချွန်းရေယာဉ်ပေါ်မှ အော်ဟစ်သံများကြားရကြောင်း ပြောပြသိရှိရပြီး တူတော်သူ ဖျာပုံမြို့ ၁၂ရပ်ကွက်မာလာမြိုင် (၄)ဖြတ်လမ်းနေ တင်လှိုင်အသက်(၄၀)မှာ ထိုညဉ့်ပင်အရိုက်ခံရသော ဒဏ်ရာများကြောင့် သေဆုံးသွားပြီး အလောင်းအား ချွန်းရေယာဉ်ပေါ်တွင်ထားရှိ၍ ၂၀၀၇ခုနှစ် နိုဝင်ဘာ ၄ရက်ညတွင် သမ္ဗာန်လေးရွာမှ အမည်မသိသူလေးဦးက ချွန်းရေယာဉ်အား မောင်းနှင်ကာ အလောင်းအား ဖျောက်ဖျက်ရန် ပင်လယ်သို့ သယ်ဆောင်သွားကြောင်း စုံစမ်းသိရှိရသဖြင့် ဇာနည်နှင့် အပေါင်းအဖော်များအား စုံစမ်းအရေးယူပေးပါရန် တိုင်ကြားသဖြင့် ဖျာပုံရဲစခန်းက (ပ)၅၂၆/၂၀၀၇ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂၊ ၂၀၁၊ ၃၄၊ ၁၁၄တို့ဖြင့် အမှုဖွင့် စုံစမ်းဖမ်းဆီးပြီး တရားစွဲဆို တင်ပို့ခဲ့သောအမှုဖြစ်သည်။ (၁၃၈)

နေပြည်တော်ပျဉ်းမနား၌ စာပေဟောပြောပွဲကျင်းပ

နေပြည်တော်ပျဉ်းမနား ဇန်နဝါရီ ၁၀

နေပြည်တော်ပျဉ်းမနား အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဇန်နဝါရီ၆ရက်နံနက်၉နာရီကနေပြည်တော်ပျဉ်းမနား မုဒိတာပန်းခင်း စာကြည့်တိုက်ခန်းမ၌လည်းကောင်း၊ ၆ရက် ည၇နာရီက နေပြည်တော်ပျဉ်းမနား ရဲရင့်ရပ်ရှင်ရုံ၌ လည်းကောင်း၊ ၇ရက် ည၈နာရီက နေပြည်တော်ပျဉ်းမနား ကျည်တောင်ကန်ရွာ၌ လည်းကောင်း စာပေဆုနှင်းပွဲနှင့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများကို ကျင်းပရာ နေပြည်တော်မှ စာရေးဆရာ ထက်ခေါင်၊ ရန်ကုန်မြို့မှ စာရေးဆရာ ခင်မောင်ညို(ဘောဂဗေဒ)နှင့်လူငယ်ဆရာဝန်စာရေးဆရာမဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)**(အောက်ဝဲပုံ)** တို့က စာပေအနုပညာရေးရာနှင့်စာပေအတွေးအမြင် ဒဿနများကို ဟောပြောကြသည်။

တက်ရောက်

အဆိုပါ စာပေဟောပြောပွဲများသို့ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၊ ရှေ့နေများ၊ သက်ဆိုင်ရာ စခန်းမှူး၊ ရဲအုပ်နှင့် ရဲတပ်ကြပ်များ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များ တက်ရောက် နားထောင်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် နေပြည်တော်ပျဉ်းမနား မုဒိတာပန်းခင်းစာကြည့်တိုက်အတွက်စာရေးဆရာခင်မောင်ညို(ဘောဂဗေဒ)က အလှူငွေကျပ် ၁၀၀၀၀ကို လည်းကောင်း၊စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သောစာအုပ်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ကဗျာဆရာ မောင်ကြူးရင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

အဆင့်မြင့်ပညာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သင်ကြားပို့ချမှုနှင့် ပညာရပ်ဆိုင်ရာစူးစမ်းမှုများ တိုးတက်ရန်ကြိုးပမ်း

သုတေသနလုပ်ငန်း အရည်အသွေးများ တစ်ပြေးညီတိုးတက်ရေးဖော်ဆောင်

နေပြည်တော် ဇန်နဝါရီ ၁၃

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၁)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ပါမောက္ခချုပ်ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ တက္ကသိုလ်၊ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများချမှတ်ပြီး ရည်မှန်းပုံဖော်တည်ဆောက်လျက်ရှိရာ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ၏ ကဏ္ဍသည် များစွာပဓာနကျလျက်ရှိကြောင်း။

ဖော်ထုတ်အသုံးချ

မျက်မှောက်ကာလတွင် အခြေခံ လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုမှစ၍ ဆေးပညာကုထုံးများ *စာမျက်နှာ ၆ ကော်လံ ၁* ■

နေစွမ်းအင်အသုံးပြုသည့် တရုတ်နိုင်ငံမှ ဆိုလာစီးတီး

သတင်းမှတ်စု - မိုးမြင့်လင်းလက်

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ပေကျင်း ဇန်နဝါရီ ၁၃

ကမ္ဘာ့တစ်ဝန်း စွမ်းအင်အခက်အခဲ ကြုံတွေ့နေရချိန်တွင် အစားထိုးစွမ်းအင်သုံးစွဲမှုကို နည်းလမ်းမျိုးစုံသုံးပြီး သုတေသနပြု ရှာဖွေလျက်ရှိကြသည်။ ဇီဝလောင်စာစွမ်းအင်များကို အမျိုးမျိုးစမ်းသပ် သုတေသနပြု သုံးစွဲနေကြသကဲ့သို့ သဘာဝတရားက အလျှံအပယ်ပေးထားသော လေနှင့် နေတို့မှလည်း စွမ်းအင်ထုတ်ယူသုံးစွဲမှုများကို ကမ္ဘာ့နိုင်ငံများ၌ တွင်တွင်ကျယ်ကျယ် ပြုလုပ်လာကြပြီဖြစ်သည်။

စီစဉ်ထား

ထိုသို့ စွမ်းအင်ထုတ်ယူသုံးစွဲမှုများတွင် နေရောင်မှ စွမ်းအင်ထုတ်ယူမှုကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ကြရေးအတွက် (၄)ကြိမ်မြောက် နိုင်ငံတကာနေစွမ်းအင်သုံးမြို့များ ကွန်ဂရက်ကို တရုတ်နိုင်ငံ အရှေ့ပိုင်း ဒေကျိုမြို့တွင် လာမည့် ၂၀၁၀ပြည့်နှစ် စက်တင်ဘာလ၌ ကျင်းပရန် စီစဉ်ထားသည်။

နေစွမ်းအင်

(၄)ကြိမ်မြောက် နိုင်ငံတကာ နေစွမ်းအင်သုံးမြို့များ ကွန်ဂရက်ကို တရုတ်နိုင်ငံအရှေ့ပိုင်း ဒေကျိုမြို့၌ *စာမျက်နှာ ၅ ကော်လံ ၅* ❑

ဒေကျိုမြို့ရှိနေစွမ်းအင်အသုံးပြုအမိုးပြားများ တပ်ဆင်ထားသည့် အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးပြီးနောက် စီရိုနယ်ဒို၏ အပြုံးမျက်နှာ....။ (အင်တာနက်ဓာတ်ပုံ)

၂၀၀၈ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု မန်ယူမှ စီရိုနယ်ဒိုဆွတ်ခူး

ပရီမီယာလိဂ်၌ သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး

ဇူးရစ် ဇန်နဝါရီ ၁၃

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ၂၀၀၈ခုနှစ် တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ဇန်နဝါရီ ၁၂ရက်က ကျင်းပရာ ပေါ်တူဂီနှင့် မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုက ဆွတ်ခူးရရှိသွားပြီ ဖြစ်သည်။

မှတ်တမ်းတင်

စီရိုနယ်ဒိုအနေဖြင့် ဖီဖာ၏ ၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးရရှိခဲ့ခြင်းမှာ မန်ယူကလပ်အတွက်သာမက ပရီမီယာလိဂ်သမိုင်းတွင် *စာမျက်နှာ ၁၁ ကော်လံ ၁* ❒

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်

မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်း ချက်ပြုတ်ခြင်းမပြုရန်၊
(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊
(ဂ) မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြု သုံးစွဲရန်။

မီးသတ်ဦးစီးဌာန

နိုင်ငံ့စီးပွားတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

သားငါးကဏ္ဍ ထုတ်လုပ်ရေး တိုးချဲ့လုပ်ကိုင်

ကော့သောင်းမြို့နယ်ရှိ ရေငန်ပုစွန်မွေးမြူရေးကန်များ။ (မြန်မာ့အလင်း)



သတင်းခရီးသည် မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၃

တနင်္သာရီတိုင်းသည် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများ၊ ဆီအုန်းနှင့် ရော်ဘာကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းကြီးများအပြင် ပုဂ္ဂလိကကုမ္ပဏီများက ရေထွက်ပစ္စည်းများနှင့် မွေးမြူရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူထုတ်လုပ်ခြင်းဖြင့် ဒေသ၏စီးပွားကို မြှင့်တင်ပေးလျက်ရှိသည်။

ရေငန်ပုစွန်

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေးသတင်းဆောင်းပါးများရေးသားရန် ကော့သောင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း တိုးတက်အောင် ရေငန်ပုစွန်မွေးမြူထုတ်လုပ်ရေး သမဝါယမလီမိတက်သို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းနှင့်အတူ သွားရောက်လေ့လာခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

14-1 (20).pmd 1 1/14/2009, 2:01 AM